# ယောရှုမှတ်စာ

သင်ခန်းစာလေး

ပဋိညာဉ်သစ္စာစောင့်သိခြင်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။   ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။  ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ...... 1**

**ပဋိညာဉ်သတိပေးချက်များ ...... 2**

**ဖွဲ့စည်းမှုနှင့်ပါဝင်အကြောင်းအရာ ...... 3**

ယောရှု၏ဖိတ်ခေါ်ချက်များ ...... 3

ယောရှု၏မိန့်ခွန်း ...... 4

**မူလအဓိပ္ပါယ် ...... 8**

ဘုရားသခင်၏အခွင့်အာဏာ ...... 9

ဘုရားသခင်၏ပဋိညာဉ် ...... 9

မောရှေ၏ပညတ်တရားစံနှုန်း ...... 10

ဘုရားသခင်၏ သဘာဝလွန်တန်ခိုးတော် ...... 10

ဣသရေလလူမျိုးအားလုံး ...... 11

**ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်း ...... 12**

**ဖွဲ့စည်းမှုနှင့်ပါဝင်အကြောင်းအရာ ...... 12**

ဖိတ်ခေါ်ချက်များ ...... 13

မိန့်ခွန်းနှင့် တုံ့ပြန်မှုများ ...... 13

အတည်ပြုခြင်းအခမ်းအနား ...... 16

အမွေခံရာအရပ်သို့ပြန်စေခြင်း ...... 17

**မူလအဓိပ္ပါယ် ...... 18**

ဘုရားသခင်၏အခွင့်အာဏာ ...... 19

ဘုရားသခင်၏ပဋိညာဉ် ...... 19

မောရှေ၏ပညတ်တရားစံနှုန်း ...... 20

ဘုရားသခင်၏ သဘာဝလွန်တန်ခိုးတော် ...... 20

ဣသရေလလူမျိုးအားလုံး ...... 21

**ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း ...... 22**

**နိုင်ငံတော်စတင်ခြင်း ...... 25**

**ဆက်လက်တည်မြဲခြင်း ...... 27**

**ပြီးပြည့်စုံခြင်း ...... 29**

**နိဂုံး ...... 30**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

# နိဒါန်း

ဇာတ်ဝင်ခန်းတိုင်းနီးပါးတွင် ဇာတ်ကောင်တစ်ဦးမှ ဦးဆောင်ပါဝင်နေသည့် ပြဇာတ်တစ်ခုကို သင်ကြည့်ရှုနေသည်ဟု စိတ်ကူးကြည့်ပါ။ ပြဇာတ်ထဲ၌ သူသည်မည်သည့်အရာလုပ်ဆောင်သည်မှာ ထင်ရှားပါသည်။ သို့သော် နောက်ဆုံးပြကွက်တွင် သူသည်စင်အလယ်ကိုလှမ်းလာပြီး ဇတ်လမ်းတစ်ခုလုံး၏အဓိကရည်ရွယ်ချက်ကို သူ့ပရိသတ်များအား ရှင်းပြသည်။

ဤသည်မှာ ယောရှုမှတ်စာတွင် ဖြစ်ပျက်နေသည့်အရာများဖြစ်သည်။ ယောရှုသည် ကျမ်းတစ်အုပ်လုံးတွင် ဦးဆောင်အခန်းမှ ပါဝင်သည်။ ထို့ပြင် သူလုပ်သမျှသည် အရေးကြီးသည်။ သို့သော် နောက်ဆုံးပြကွက်တွင်၊ ဣသရေလလူမျိုးအတွက် ကျမ်းရေးသူဖော်ပြလေ့ရှိသော ကျမ်းတစ်အုပ်လုံး၏အဓိကရည်ရွယ်ချက် မိန့်ခွန်းနှစ်ခုကို သူပြောခဲ့သည်။

ဤသည်မှာ *ယောရှုမှတ်စာ* စာစဉ်တွင် စတုတ္ထသင်ခန်းစာဖြစ်ပြီး၊ ၎င်းကို ဣသရေလလူမျိုးတို့၏ "ပဋိညာဉ်သစ္စာစောင့်သိမှု" ဟု ခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာတွင်၊ ယောရှုမှတ်စာ၏ တတိယနှင့်နောက်ဆုံးအပိုင်းသည် ဣသရေလလူမျိုးအား ဘုရားသခင်နှင့်ပြုသော သူတို့၏ပဋိညာဉ်စည်းမျဉ်းများအတိုင်း သစ္စာရှိရန်တောင်းဆိုခြင်းဖြင့် ကျမ်း၏ရည်ရွယ်ချက်ကို မည်သို့ဖော်ပြထားသည်ကိုလေ့လာပါမည်။

ဤစာစဉ်၏အစောပိုင်းတွင်၊ ယောရှုမှတ်စာ၏မူလအဓိပ္ပာယ်ကို ဤကဲ့သို့အကျဉ်းချုံးပြောနိုင်သည်ဟု ကျွန်ုပ်တို့ဆိုခဲ့သည်–

> ယောရှုမှတ်စာသည် နောင်လာနောက်သားမျိုးဆက်များ ရင်ဆိုင်နေရသည့် တူညီသောစိန်ခေါ်မှုများကိုဖြေရှင်းရန်အတွက် ယောရှုလက်ထက် ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်း၊ လူမျိုးစုအမွေဆက်ခံခြင်းနှင့် ပဋိညာဉ်သစ္စာစောင့်သိမှုအကြောင်း ရေးသားထားသည်။

ဤကျမ်းသည် တရားသူကြီးများလက်ထက်၊ ဘုရင်စနစ်အတွင်း သို့မဟုတ် ဗာဗုလုန်၌ကျွန်ခံရသည့်အချိန်နှောင်းပိုင်းကာလတွင် အသက်ရှင်သော ဓမ္မဟောင်းဣသရေလလူမျိုးကို လမ်းညွှန်ရန် မူလကရေးစပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတွင် မူလပရိသတ်များသည် ၎င်းတို့၏ရန်သူများ၊ ၎င်းတို့၏ဇာတိမြေနှင့်ဘုရားသခင့်ပဋိညာဉ်လူများအဖြစ် ၎င်းတို့၏အခွင့်ထူးများနှင့် တာဝန်များကို ကိုင်တွယ်ဖြေရှင်းပုံကို ဖော်ပြသည်။

ယခင်သင်ခန်းစာများတွင် သင်ယူခဲ့သည့်အတိုင်း၊ ဤပန်းတိုင်သို့ရောက်ရှိရန် ကျမ်းရေးသူသည် သူ၏ကျမ်းကို အဓိကအပိုင်းသုံးပိုင်းခွဲထားသည်။ အခန်းကြီး ၁–၁၂ တွင် ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်းကို အာရုံစိုက်ခဲ့သည်။ အခန်းကြီး ၁၃–၂၂ တွင် ဣသရေလလူမျိုး၏လူမျိုးစု အမွေဆက်ခံ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ခြင်းများကို အာရုံစိုက်ခဲ့သည်။ အခန်းကြီး ၂၃၊ ၂၄ တွင် ဣသရေလလူမျိုး၏ပဋိညာဉ်သစ္စာစောင့်သိမှုကို သူအာရုံစိုက်ခဲ့သည်။ ဤသင်ခန်းစာတွင်၊ ဤနောက်ဆုံးအဓိကအပိုင်းကို လေ့လာပါမည်။

ယောရှုမှတ်စာ၏တတိယပိုင်းတွင် အဓိကအပိုင်းနှစ်ပိုင်းနှင့် နောက်ဆက်တွဲတစ်ခုပါဝင်သည်။ ၂၃း၁-၁၆ တွင် ယောရှုသည် ဣသရေလလူမျိုးတို့အား ပဋိညာဉ်သတိပေးချက်များကိုဖော်ပြသည့် မိန့်ခွန်းဖြင့်စတင်သည်။ အခန်းငယ် ၂၉-၃၃ တွင် ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းအခမ်းအနား၊ ထို့နောက် ၂၄း၁-၂၈ တွင်ယောရှုသေဆုံးမှုနှင့် နောက်ဆက်တွဲဖြစ်ရပ်များစွာကို အတိုချုံးဖော်ပြသည်။

ဣသရေလလူမျိုး၏ ပဋိညာဉ်သစ္စာစောင့်သိမှုဆိုင်ရာသင်ခန်းစာ၏ ဤနောက်ဆုံးအခန်းများကို အဆင့်သုံးဆင့်ဖြင့် ကြည့်ရှုမည်ဖြစ်သည်။ ယောရှု၏ကနဦးမိန့်ခွန်းတွင်တွေ့ရသော ပဋိညာဉ်သတိပေးချက်များကို ဦးစွာကြည့်ရှုမည်ဖြစ်ပြီး၊ ထို့နောက် နောက်ဆက်တွဲစကားအပေါ် မှတ်ချက်အချို့အပါအဝင် ပဋိညာဉ်အသစ်ပြန်လည်ပြုခြင်းကို ကြည့်ရှုပါမည်။ နောက်ဆုံးတွင်၊ ကျမ်း၏ဤကဏ္ဍအတွက် ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းကို ရှာဖွေပါမည်။ ယောရှု၏ပဋိညာဉ်သတိပေးချက်များဖြင့် စတင်ကြပါစို့။

# ပဋိညာဉ်သတိပေးချက်များ

ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းရေးသူများသည် ၎င်းတို့၏ပရိသတ်များကို ဘုရားသခင်အား မပုန်ကန်ရန် မကြာခဏသတိပေးခဲ့ကြောင်း သမ္မာကျမ်းစာနှင့် ရင်းနှီးသူတိုင်း သိကြသည်။ သို့သော် ဧဝံဂေလိယုံကြည်သူများစွာသည် ထိုသတိပေးချက်များကို "ပဋိညာဉ်" ဟူသော ကျမ်းစာအယူအဆနှင့် အလွယ်တကူ မဆက်စပ်နိုင်ကြပါ။ ယင်းအစား၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပဋိညာဉ်များကို ကိုယ်တော်၏ကောင်းချီးမင်္ဂလာများနှင့်သာ ချိတ်ဆက်လိုကြပါသည်။ ယခု၊ ယောရှုမှတ်စာရေးသူသည် ဣသရေလလူမျိုးအား ဘုရားသခင်သည် သူ၏ပဋိညာဉ်အားဖြင့် ပြသခဲ့သောကရုဏာတော်ကို ဤစာစဉ်တွင်မကြာခဏဖော်ပြထားသည်ကို တွေ့မြင်ရသည်။ သို့သော် ကျွန်ုပ်တို့မြင်တွေ့ရသည်အတိုင်း၊ ကျမ်းအခန်းကြီး ၂၃ တွင် ဘုရားသခင့်လူမျိုးသည် ကိုယ်တော်၏ပဋိညာဉ်ကိုချိုးဖောက်သည့်အခါ ကျရောက်လာမည့် စီရင်ခြင်းဆိုင်ရာသတိပေးချက်များကို အထူးအာရုံစိုက်ထားသည်။

ကျွန်ုပ်တို့ရင်းနှီးသောပုံစံကို အသုံးပြု၍ ယောရှု၏ပဋိညာဉ်သတိပေးချက်များကို လေ့လာပါမည်။ ဦးစွာ၊ ဤကဏ္ဍ၏ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို သုံးသပ်ပါမည်။ ဒုတိယအနေဖြင့်၊ ၎င်း၏မူလအဓိပ္ပာယ် သို့မဟုတ် ၎င်း၏မူလပရိသတ်အပေါ် သက်ရောက်မှုရှိစေရန် မည်ကဲ့သို့ ပုံစံပြုထားသည်ကိုသုံးသပ်ပါမည်။ ဤအခန်း၏ ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာဖြင့် စကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

# ဖွဲ့စည်းမှုနှင့်ပါဝင်အကြောင်းအရာ

ယောရှုသည် ခါနာန်ပြည်၏အလယ်ဗဟိုသို့ ဣသရေလလူမျိုး၏အောင်မြင်မှုများကို ဦးဆောင်ခဲ့ပြီးတောင်နှင့် မြောက်ပိုင်းတွင် ကြီးမားသောလှုပ်ရှားမှုများကို ဆင်နွှဲခဲ့ကြောင်း သင်မှတ်မိပါလိမ့်မည်။ ထရန်ဂျော်ဒန်နှင့် စီဂျော်ဒန်နှစ်ခုလုံးရှိ ၎င်းတို့၏ သီးသန့်လူမျိုးစုအမွေဆက်ခံခြင်းများတွင် အခြေချနေထိုင်ရန်စေလွှတ်ခဲ့ခြင်းအားဖြင့် ဣသရေလလူမျိုး၏စည်းလုံးညီညွတ်မှုကိုလည်း ထိန်းသိမ်းထားခဲ့သည်။ သို့သော် ဤနေရာ၌ကျမ်းရေးသူသည် ဧဖရိမ်ပိုင်နက် ရှိလောတွင်ဟုယူဆရသည့် ယောရှုကျင်းပသောစည်းဝေးပွဲတစ်ခုကို အာရုံစိုက်ခဲ့သည်။ ယောရှုထံမှ အရေးကြီးသောညွှန်ကြားချက်များကို ကြားနာရန်ဣသရေလလူမျိုးတို့သည် ထိုနေရာတွင်စုရုံးခဲ့ကြသည်။

ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ ၂၃:၁-၂ တွင်ပါရှိသော ယောရှု၏ဖိတ်ခေါ်ချက်များမှအစပြု၍ ဤအခန်းကိုအဆင့်နှစ်ဆင့်ဖြင့် ကြည့်ရှုပါမည်။

## ယောရှု၏ဖိတ်ခေါ်ချက်များ

ယောရှုမှတ်စာသည် ဣသရေလလူမျိုးကိုစုရုံးရန် ယောရှုဖိတ်ခေါ်သော အခြားအကြိမ်များစွာကိုလည်းကိုးကားထားကြောင်းသတိရရန် အရေးကြီးသည်။ သို့သော် ဤဖိတ်ခေါ်ချက်၏ဖော်ပြချက်က ဤစည်းဝေးပွဲသည် ယောရှု၏အစောပိုင်းစုဝေးပွဲများထက် ပို၍အရေးကြီးသည်ဟု ကျမ်းရေးသူယူဆကြောင်းဖော်ပြသည်။

ပထမ၊ ကျမ်းရေးသူက ၂၃:၁ တွင် ယောရှုသည် "အသက်ကြီး၍ အိုမင်းသောအခါ" ဟုဖော်ပြခဲ့သည်။ ယခု၊ ဤတူညီသောအသုံးအနှုန်းကို ကျမ်း၏ဒုတိယပိုင်း ၁၃:၁ ၏အစတွင်တွေ့ရသည်၊ သို့သော် ဤသည်မှာ၊ "ကြာမြင့်စွာသောကာလပတ်လုံး ပေးတော်မူပြီးမှ" ဟုထပ်မံမှတ်သားထားသည်ကို တွေ့ရှိရသည်။ ဤကျမ်းပိုဒ်များအတိုင်း ၂၃:၂ တွင်၊ ယောရှုသည် "ငါသည် အသက်ကြီးရင့်၍ အိုမင်းပြီ" ဟု စတင်ပြောဆိုခဲ့သည်။ အခန်းငယ် ၁၄ တွင်၊ "ငါသော်ကား၊ မြေသားအပေါင်းတို့သွားရာလမ်းသို့ ယနေ့သွားလုပြီ" ဟုပင်မှတ်ချက်ပေးခဲ့သည်။ ကျမ်းရေးသူသည် ယောရှု၏ကြီးရင့်သောအသက်အရွယ်ကို အလေးပေးဖော်ပြသည်မှာ ဤစည်းဝေးပွဲသည် ဣသရေလလူမျိုး၏ခေါင်းဆောင်အဖြစ် သူ၏နောက်ဆုံးလုပ်ဆောင်မှုတစ်ခုဖြစ်ကြောင်း ဖော်ပြသည်။ ယနေ့လူများသည် သေဆုံးခါနီးသူ၏နောက်ဆုံးစကားများကိုအထူးဂရုပြုကြသကဲ့သို့ မူလပရိသတ်ရှိ သစ္စာရှိဣသရေလတိုင်းသည် ဤအရာသည် အလွန်အရေးကြီးသောဖြစ်ရပ်ဖြစ်ကြောင်း နားလည်ကြပေမည်။

ဒုတိယ၊ ၂၃:၂ တွင်၊ "ယောရှုသည် ဣသရေလအမျိုး အသက်ကြီးသူ၊အကဲအမှူး၊တရားသူကြီး၊ အရာရှိသောသူများနှင့်တကွ အမျိုးသားအပေါင်းတို့ကို" ဆင့်ခေါ် ခဲ့သည်။ ယောရှုသည် သာမာန်ဣသရေလလူမျိုးများနှင့် ကွဲပြားနေသော ယဇ်ပုရောဟိတ်မင်း သို့မဟုတ် အဆင့်မြင့် လေဝိသားများကို ပင်မဖော်ပြကြောင်း သတိပြုပါ။ ယင်းအစား၊ သူသည် လူများနှင့် မကြာခဏအဆက်အသွယ်ရှိသည့်ခေါင်းဆောင်များမှတစ်ဆင့် "ဣသရေလလူမျိုးအားလုံး" ကို ပြောဆိုခဲ့သည်။ ယောရှုပြောမည့်စကားကိုလိုက်နာရန် "အသက်ကြီးသူ၊ အကဲအမှူး၊ တရားသူကြီး၊ အရာရှိများ"၏တာဝန်ဖြစ်သည်။ ထို့ကြောင့်၊ ဤစည်းဝေးပွဲတွင်၊ ယောရှုသည် ဣသရေလလူတိုင်း၏ နေ့စဉ်ဘဝနယ်ပယ်အသီးသီးတွင် အကျိုး

သက်ရောက်စေသည့် ကိစ္စရပ်များအား ဖော်ပြခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ သို့သော် ဤစည်းဝေးပွဲနှင့်ပတ်သက်၍ မည်သည့်အရာသည် အလွန်အရေးကြီးသနည်း။ အခန်းကြီး ၂၃ တွင် ယောရှု၏မိန့်ခွန်းဒုတိယအဆင့်၌ ယင်းအတွက် အဖြေကို ကျွန်ုပ်တို့တွေ့နိုင်သည်။ အပိုဒ်ငယ် ၂၈-၁၆ မှ၊ ယောရှုသည် ဣသရေလလူမျိုးအား ဘုရားသခင်၏ပဋိညာဉ်ကို ချိုးဖောက်ခြင်းမပြုရန် သတိပေးခဲ့သည်။

## ယောရှု၏မိန့်ခွန်း

ကျွန်ုပ်တို့သည် အခြားနေရာများတွင် ဘုရားသခင်၏ပဋိညာဉ်များအကြောင်းကို အသေးစိတ်ရှင်းပြထားပါသည်။ သို့သော် အတိုချုပ်အားဖြင့်၊ ဘုရားသခင်၏ပဋိညာဉ်များသည် ဘုရားသခင်၏နိုင်ငံတော်အတွက် ချမှတ်ထားသည့် ဗဟိုအုပ်ချုပ်ရေးမူဝါဒများကို ဖော်ပြသည်။ ကျွန်ုပ်တို့သည် ဤပဋိညာဉ်မူဝါဒများ၏တွန်းအားများကို အဓိကအမျိုးအစားသုံးမျိုးဖြင့် စုစည်းနိုင်သည်_ဘုရားသခင်၏ကရုဏာတော်၊ လူသားတို့၏သစ္စာစောင့်သိမှုနှင့် ကောင်းချီးမင်္ဂလာနှင့် ကျိန်ခြင်းများ၏အကျိုးဆက်များ။

ဘုရားသခင်၏ကရုဏာတရားအကြောင်း ပြောသည့်အခါ ဘုရားသခင်၏သနားကြင်နာမှုသည် ကိုယ်တော်၏ပဋိညာဉ်အားလုံးကို အစပြုပြီး၊ ခိုင်ခံ့စေသည်ကို သိမှတ်ထားရန်လိုသည်။ လူသားများသည် ၎င်းတို့၏ကိုယ်ပိုင်အစွမ်းသတ္တိဖြင့် ဘုရားသခင်နှင့် ပဋိညာဉ်ဆက်ဆံရေးကို စတင်ခြင်း သို့မဟုတ် တည်မြဲခြင်းကို လုပ်နိုင်ခြင်းမရှိပါ။ ဘုရားသခင်၏ကရုဏာတော်သည် အမြဲမရှိမဖြစ်လိုအပ်သည်။ တစ်ချိန်တည်းမှာပင်၊ ဘုရားသခင်၏ပဋိညာဉ်သည် ဘုရားသခင်၏ကရုဏာတော်အပေါ် ကျွန်ုပ်တို့၏ လေးမြတ်သောတုံ့ပြန်မှုအဖြစ် လူသားတို့၏သစ္စာစောင့်သိမှုနှင့်ပတ်သက်သည့် မျှော်လင့်ချက်ကိုလည်း မြှင့်တင်ပေးပါသည်။ ဘုရားသခင်သည် လူသားများအတွက် လုပ်ဆောင်ပေးခဲ့သည့်အရာများနှင့်အညီ ကိုယ်တော်အပေါ် သစ္စာရှိစွာအစေခံရန် လူသားများအားအမြဲပြောထားသည်။ သမ္မာကျမ်းစာတွင်၊ ဘုရားသခင်၏ပဋိညာဉ်များတွင် ကောင်းချီးမင်္ဂလာများနှင့် ကျိန်ခြင်းအကျိုးဆက်များ ပါဝင်သည်။ ဘုရားသခင်၏လူမျိုးတော်သည် ကိုယ်တော်အပေါ် သစ္စာစောင့်သိပြီး ကိုယ်တော်၏အမိန့်တော်များကို လိုက်နာသောအခါ ကိုယ်တော်၏ကြွယ်ဝသောကောင်းချီးမင်္ဂလာများကို သူတို့ရရှိကြသည်။ သစ္စာပျက်၍ပညတ်တော်တို့ကိုငြင်းပယ်လျှင်၊ ကျိန်ခြင်းကို ခံရကြသည်။

ယခု၊ သမ္မာကျမ်းစာရေးသားသူများက ဤတွန်းအားများသည် လူသားများအတွက် နားမလည်နိုင်သောနည်းလမ်းများဖြင့် မကြာခဏဖော်ပြကြောင်း ထောက်ပြကြသည်။ ကိုယ်တော်၏နည်းလမ်းများသည် ကျွန်ုပ်တို့နားလည်နိုင်စွမ်းထက် ကျော်လွန်နေသောကြောင့် ဘုရားသခင်၏သည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်းအပြင် ကိုယ်တော်၏ပြင်းထန်မှုနှင့် တရားစီရင်ခြင်းတို့သည် ကျွန်ုပ်တို့ကို မကြာခဏအံ့အားသင့်စေပါသည်။ သို့သော်၊ ဘုရားသခင်သည် သူ၏ပဋိညာဉ်စည်းကမ်းများနှင့်အညီ အမြဲမှန်ကန်ကြောင်းနှင့်တူညီသော ကောင်းမြတ်မှု၊ အသိပညာနှင့် ဉာဏ်ပညာတို့ဖြင့် ၎င်းတို့ကိုစီမံအုပ်ချုပ်ထားကြောင်း သမ္မာကျမ်းရေးသူများက အကြိမ်ကြိမ်အာမခံခဲ့သည်။

ကျွန်ုပ်တို့မြင်တွေ့ရသည်အတိုင်း၊ အခန်း ၂၃ တွင် ယောရှု၏မိန့်ခွန်းသည် ပဋိညာဉ်တရား၏ တွန်းအားသုံးခုစလုံးကို တိုက်ရိုက်ရည်ညွှန်းသည်။ သို့ရာတွင်၊ ယောရှုသည် ဘုရားသခင်အပေါ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ထင်ရှားစွာသစ္စာမဲ့ခြင်းကြောင့် ဣသရေလလူမျိုးသို့ ကျရောက်လာမည့်ကျိန်ခြင်းများအကြောင်း သတိပေးချက်များကို အဓိကအလေးပေးဖော်ပြခဲ့သည်။

> ယောရှုသည် အခန်းကြီး ၂၃၊ ပထမ ၁၆ ပိုဒ်တွင် လူတို့အားမိန့်ကြားသောအခါ၊ ပဋိညာဉ်၏သတိပေးချက်များအကြောင်းကို သူပြောနေခြင်းဖြစ်သည်။ ဘုရားသခင်၏အမိန့်တော်ကို သစ္စာစောင့်သိရန် ယောရှုသည် သူတို့ကို သတိပေးနေသည်။ ကျမ်းတစ်အုပ်လုံးသည် ပဋိညာဉ်၏အရှင် ဘုရားသခင် အကြောင်း _ စစ်တိုက်သောဘုရားသခင်၊ အောင်နိုင်ခြင်းကိုပေးသော ဘုရားသခင်၊ ဂရုစိုက်မှုကိုပေးသော ဘုရားသခင်၊ သူ၏ကျေးဇူးတော်များကို သွန်းလောင်းပေးသောဘုရားသခင်၏ကရုဏာတော်အကြောင်း ပြောဆိုထားသည်။ သို့သော် အရေးအကြီးဆုံးမှာ ကျွန်ုပ်တို့၏သစ္စာရှိမှုကို လိုချင်သော ဘုရားသခင်ဖြစ်သည်။ ထို့ကြောင့်၊ ယောရှုသည် နာခံမှုနှင့် မနာခံခြင်း၏ အကျိုးဆက်များအကြောင်း လူတို့ကို ပြောပြနေသည်။ အခြားပဋိညာဉ်များ ကဲ့သို့ပင်၊ အားနည်းသောဘုရင်နှင့်ပဋိညာဉ်ဖွဲ့သော အင်အားကြီးဘုရင်နှင့် ထိုဘုရင်၏ကရုဏာတော်ကိုသာမက ကျွန်ုပ်တို့သစ္စာရှိရန်နှင့် နာခံခြင်း၊ မနာခံခြင်း၏ အကျိုးဆက်ဆိုင်ရာ အမိန့်တော်များပါရှိသည်။ ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းအကြောင်း ကျမ်းတစ်အုပ်လုံးကို ရေးသားပြီးနောက်— ကျွန်ုပ်တို့ထိုက်တန်သောကြောင့်မဟုတ်ဘဲ အရာအားလုံးကိုလုပ်ဆောင်သော ပဋိညာဉ်၏အရှင်ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်ပဋိညာဉ်ဖွဲ့ထားသောကြောင့်—ကျွန်ုပ်တို့သည်လည်း ထိုဘုရားကိုသစ္စာရှိခြင်းငှာမမေ့ရန် လူများကို ယောရှုသတိပေးခဲ့သည်။
>
> **Pastor Ornan Cruz**

ဤကဲ့သို့အရေးကြီးသောစည်းဝေးပွဲတွင် ယောရှုသည် ပို၍ပြောဖွယ်ရှိနိုင်သော်လည်း၊ ကျမ်းရေးသူသည် သူ၏မိန့်ခွန်းကို အပိုင်းသုံးပိုင်းဖြင့် အကျဉ်းချုပ်ဖော်ပြခဲ့သည်။ ပဋိညာဉ်သစ္စာစောင့်သိမှု၊ ပဋိညာဉ်အကျိုးဆက်များ သို့မဟုတ် နှစ်မျိုးလုံးအပေါ် အာရုံစိုက်ခြင်းဖြင့်၊ ဘုရားသခင်၏ကရုဏာတော် သတိပေးချက်ဖြင့် အပိုင်းတစ်ခုစီကို စတင်သည်။

**ယောရှု ၂၃:၂-၈။** ပထမအပိုင်း ၂၃:၂-၈ တွင် ဣသရေလလူမျိုးအပေါ် ဘုရားသခင်၏ကရုဏာတော် နမူနာနှစ်ခုဖြင့် စတင်သည်။ အပိုဒ်ငယ် ၃ တွင် သူတို့၏သိမ်းပိုက်အောင်မြင်ခြင်းသည် "သင်တို့၏ဘုရားသခင်ထာဝရဘုရားသည် … သင်တို့ဘက်၌စစ်တိုက်တော်မူသောကြောင့်"ဖြစ်ကြောင်း ဣသရေလလူမျိုးအား ယောရှုသတိပေးခဲ့သည်။ အခန်းငယ် ၄ တွင်၊ ဘုရားသခင်ကိုယ်တော်တိုင် "ကြွင်းသေးသောလူမျိုးနေသောပြည်ကို သင်တို့အမျိုးများအမွေခံစရာဘို့ စာရေးတံချ၍ ငါဝေဖန်ပြီ"ဟု ယောရှုပြန်ပြောပြခဲ့သည်။

ထို့နောက် ယောရှုသည် ဣသရေလတို့၏ဘုရားသခင်အပေါ် လေးမြတ်သောသစ္စာစောင့်သိရန် လိုအပ်ချက်ကို ပြောခဲ့သည်။ အပိုဒ်ငယ် ၆ တွင်၊ ယောရှုသည် ဣသရေလလူမျိုးအား "သင်တို့သည် မောရှေ၏ပညတ္တိကျမ်းစာလမ်းမှ လက်ျာဘက် လက်ဝဲဘက်သို့မလွှဲဘဲ၊ ပါသမျှအတိုင်းကျင့်စောင့်ခြင်းငှာ" တောင်းဆိုခဲ့သည်။ ဤစကားများသည် ယောရှုအား ၁:၇ တွင် ဘုရားသခင်၏အမိန့်တော်များကို ပြန်လည်အမှတ်ရစေသည်။ သို့သော် ဤရင်းနှီးသောစကားလုံးများ၌ သစ္စာရှိစွာအစေခံရန် တိကျသော တောင်းဆိုမှုတစ်ခုကို တွေ့ရှိရသည်။ ခါနာန်လူတို့၏ရုပ်တုကိုးကွယ်ခြင်းနှင့် ခါနာန်၏ရုပ်တုကိုးကွယ်သောလူ့အဖွဲ့အစည်းများ၏ အကျင့်ပျက်ခြစားမှုများကိုရှောင်ကြဉ်ရန် ဣသရေလလူမျိုးအား ယောရှု၏ ဖိတ်ခေါ်မှုကို ပထမဆုံးအကြိမ်ကြားရခြင်းဖြစ်သည်။ အခန်းငယ် ၇ တွင်၊ "သင်တို့တွင် ကြွင်းသေးသော ဤလူမျိုးနှင့်မပေါင်းဘော်၊ သူတို့ဘုရား၏နာမကို မြွက်၍မကျိန်ဆို၊ ဝတ်မပြုဦးမညွတ်ဘဲ" ဟုသူဆို သည်။ ယင်းအစား၊ ယောရှုသည် အပိုဒ်ငယ် ၈ တွင် ဣသရေလလူမျိုးအား "သင်တို့၏ဘုရားသခင် ထာဝရဘုရား၌ ဆည်းကပ်မှီဝဲခြင်းငှာရင်း" ဟုဆိုခဲ့သည်။

ရုပ်တုကိုးကွယ်ခြင်းအား ယောရှု၏တားမြစ်ချက်သည် အသစ်အဆန်းမဟုတ်ပေ။ ၎င်းသည် မိစ္ဆာနတ်ဘုရားများ၏ ယိုယွင်းပျက်စီးစေသော ဩဇာလွှမ်းမိုးမှုကို ဆန့်ကျင်ရန် သတိပေးခဲ့သည့်ပညတ် တော်ဆယ်ပါး၏ပထမနှစ်ချက်နှင့် ပင်တာကျူရှိအခြားသော ကျမ်းပိုဒ်များစွာကို ပြန်လည်အမှတ်ရစေ သည်။ သို့သော် ဤနေရာတွင်မိတ်ဆက်ပေးခြင်းဖြင့်၊ ကျမ်း၏အစောပိုင်းအခန်းများတွင် သူရေးခဲ့သော အရာအားလုံးအတွက် ဤပြဿနာသည်အထူးအရေးကြီးကြောင်း ကျမ်းရေးသူက ထင်ရှားစွာဖော်ပြခဲ့ သည်။ ယောရှု၏ခေါင်းဆောင်မှုအောက်တွင် ဘုရားသခင်သည် မိမိလူမျိုးအတွက် အရာရာကို လုပ်ဆောင်ပေးသောကြောင့် ဣသရေလလူမျိုးသည် အခြားနတ်ဘုရားများကိုမကိုးစားရန် တာဝန်ရှိ သည်။

**ယောရှု ၂၃:၉-၁၃။** ယောရှု၏မိန့်ခွန်းဒုတိယအပိုင်း ၂၃း၉-၁၃ သည်လည်း ဘုရားသခင်၏ ကရုဏာတော်ဖြင့် စတင်သည်။ အပိုဒ်ငယ် ၉ တွင်၊ "ကြီးမား၍ ခွန်အားနှင့်ပြည့်စုံသောလူမျိုးတို့ကို ထာဝရဘုရားသည် သင်တို့ရှေ့မှ နှင်ထုတ်တော်မူသဖြင့်" ဟု ဣသရေလလူမျိုးကို ယောရှုအသိပေး ခဲ့သည်။ အပိုဒ်ငယ် ၁၀ တွင် "သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် ကတိတော်ရှိသည်အတိုင်း သင်တို့ဘက်၌ စစ်တိုက်တော်မူ၏" ဟုဆိုခဲ့သည်။

ထို့နောက် အခန်းငယ် ၁၁ တွင်၊ ပထမအပိုင်းနည်းတူ ယောရှုသည် ဣသရေလလူမျိုးအား သစ္စာစောင့်သိမှုဖြင့်တုံ့ပြန်ရန် တောင်းဆိုခဲ့သည်။ "သင်တို့၏ဘုရားသခင် ထာဝရဘုရားကို ချစ်ခြင်းငှာ" သူတို့ကို တိုက်တွန်းခဲ့သည်။ ဤတွင် ယောရှုသည် တရားဟောရာ ၆:၅—ပညတ်တော်များတွင် အကြီးမြတ်ဆုံးပညတ်တော်ကို ရည်ညွှန်းပြောဆိုခဲ့သည်။ ဤအကျမ်းတဝင်ရှိသောကျမ်းပိုဒ်တွင် "သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်၊ နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့" ဟု ဆိုသည်။ တရားဟောရာကျမ်း၌လည်းကောင်း၊ ယောရှုမှတ်စာ၌လည်းကောင်း ဘုရားသခင်ကို ချစ်မြတ်နိုးရန်အတွက် ဘုရားသခင်အားအကြွင်းမဲ့မှီခိုနေရမည်ဟု ဆိုသည်။

သို့သော် သူ၏မိန့်ခွန်းဤအပိုင်းတွင်၊ ယောရှုသည် သာ၍တိုးပြီးပြောခဲ့သည်။ ဤသီးသန့် ဆည်းကပ်မှုကို ထိန်းသိမ်းထားရန် မည်မျှလိုအပ်သည်ကိုညွှန်ပြရန်၊ ဘုရားသခင်အပေါ်သစ္စာမဲ့မှုအတွက် ကျိန်ခြင်း၏ပြင်းထန်သောအကျိုးဆက်များကို ဣသရေလလူမျိုးအား သူသတိပေးခဲ့သည်။ အခန်းငယ်

၁၂၊ ၁၃ တွင် ဖော်ပြထားသည်မှာ– “သင်တို့သည် ရှေ့လျှော့၍၊ သင်တို့တွင်ကျန်ကြွင်းသေးသော ဤလူမျိုးတို့၌ မှီဝဲလျက်၊ ထိမ်းမြားပေးစား၍ပေါင်းဖော်ဆက်ဆံခြင်းရှိလျှင် သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် နောက်တစ်ဖန် ဤလူမျိုးတို့ကို သင်တို့ရှေ့မှ နှင်ထုတ်တော်မမူ။ ထပ်၍ဆိုသည်မှာ "ကောင်းမွန်သောဤပြည်၌ သင်တို့သည် မပျောက်မပျက်မီတိုင်အောင် သူတို့သည် သင်တို့၌ကျော့ကွင်း၊ ထောင်ချောက် ... ဖြစ်ကြလိမ့်မည်။” ဘုရားသခင်သည် ၎င်းတို့အတွက် အလုံးစုံလုပ်ဆောင်ပေးခဲ့သော်လည်း၊ ဣသရေလလူမျိုးများသည် ကတိတော်ပြည်၌ကျန်ကြွင်းနေသော ခါနန်လူတို့၏လမ်းစဉ်များကို လိုက်လျှောက်ပါက၊ သူတို့သည် ဘုရားသခင်၏ပြင်းထန်သောတရားစီရင်မှုကို ကြုံတွေ့ကြပါလိမ့်မည်။

ဤကျိန်ခြင်းများအပေါ် သီးသန့်အာရုံစိုက်ခြင်းသည် အထူးအဆန်းဖြစ်သည်။ ထွက်မြောက်ရာ ၁၉:၄-၆ တွင် အနာဂတ်ကောင်းချီးမင်္ဂလာများ၏ အပြုသဘောဆောင်သော အကျိုးဆက်များကိုသာ ကျွန်ုပ်တို့တွေ့ရှိရသည်။ တရားဟောရာ ၂၈ နှင့် ၃၀:၁၅-၁၉ တွင် ကောင်းချီးမင်္ဂလာပေးခြင်းနှင့် ကျိန်ခြင်း အမင်္ဂလာဆိုင်ရာ ခြိမ်းခြောက်ခြင်းတို့သည် တစ်ခုနှင့်တစ်ခုယှဉ်တွဲတည်ရှိနေသည်။ သို့သော် ယောရှု၏ မိန့်ခွန်းဤအပိုင်းတွင်၊ သူသည် *ကျိန်ခြင်းအမင်္ဂလာ*၏အနာဂတ်အကျိုးဆက်များကိုသာ ဖော်ပြခဲ့သည်။

**ယောရှု ၂၃:၁၄-၁၆။** သူ၏မိန့်ခွန်းတတိယအပိုင်း ၂၃:၁၄-၁၆ တွင်၊ ယောရှုသည် ဘုရားသခင်၏ ကရုဏာတော်ဖြင့် တစ်ဖန်စတင်ခဲ့သည်။ အခန်းငယ် ၁၄ တွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ – “သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့အဖို့ မိန့်တော်မူသော ကောင်းကျိုးတစ်စုံတစ်ပါးမျှ မယုတ်မလျော့။" ဤပြောကြားချက်သည် ၂၁:၄၅ တွင် ကျမ်းရေးသူ၏ တူညီသောအတည်ပြုချက်ကို ရည်ညွှန်းပါသည်။ သို့သော် ဤတတိယအပိုင်းတွင်၊ ယောရှုသည် သစ္စာစောင့်သိရန် တောင်းဆိုခြင်းကိုချန်ထားပြီး၊ ပဋိညာဉ်ကိုချိုးဖောက်ခြင်းအတွက် ပြင်းထန်သောအကျိုးဆက်များကို ဣသရေလလူမျိုးအား ချက်ချင်း သတိပေးခဲ့သည်။ ၂၃:၁၅ တွင်၊ ဘုရားသခင်သည် “ဤကောင်းမွန်သောပြည်မှ သင်တို့ကိုသုတ်သင်ပယ်ရှင်းတော်မမူမီတိုင်အောင်၊ ထာဝရဘုရားသည် သင်တို့အပေါ်၌ဘေးဥပဒ်အပေါင်းတို့ကို ရောက်စေတော်မူမည်” ဟု အလေးပေးဖော်ပြခဲ့သည်။ ဝတ်ပြုရာ ၂၆ နှင့် တရားဟောရာ ၄၊ ၂၈ တွင် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခြင်းသည် ဣသရေလလူမျိုးအား ပျက်စီးခြင်းနှင့် ကတိတော်ပြည်မှ နှင်ထုတ်ခံရခြင်း ကာလများအထိ ဦးတည်စေမည့်အကြောင်း သွန်သင်သည်။

ဤအပိုင်းများတစ်လျှောက်၊ ယောရှု၏အဓိကအလေးပေးမှုကို ဤမိန့်ခွန်းတွင်ဖော်ပြထားသည်။ ဦးဆုံးအနေနှင့်၊ သူသည် ဘုရားသခင်၏ကရုဏာတော်များကို ကျေးဇူးမဲ့ပါက ဣသရေလလူမျိုးအပေါ် ကျိန်ခြင်းများကျရောက်မည့်အကြောင်း သတိပေးလိုပါသည်။ ယခု၊ သေးငယ်သောကျရှုံးမှုအတွက် ဤဆိုးရွားသောအကျိုးဆက်များကို ယောရှုသည် ခြိမ်းခြောက်သတိပေးခြင်းမရှိကြောင်း သတိပြုရန် အရေးကြီးပါသည်။ ၂၃း၁၆ တွင် သူသည် “သင်တို့၏ဘုရားသခင်ထာဝရဘုရား ထားတော်မူသော ပဋိညာဉ်တရားကို ပြစ်မှားလျက်၊ အခြားတစ်ပါးသောဘုရားတို့ထံသို့သွား၍ ဦးညွှတ်ဝတ်ပြုခြင်း" မပြုရန်သတိပေးခဲ့သည်။ “ပြစ်မှားလျက်” ဟူသောအသုံးအနှုန်းသည် ဟေဗြဲကြိယာ *abar* (רָבַע) ကို ဘာသာပြန်ဆိုထားသည်။ ကျမ်းရေးသူသည် ၇:၁၁၊ ၁၅ တွင် အာခန်၏ဖြစ်ရပ်ကဲ့သို့ ကြီးမားသော သစ္စာဖောက်မှုများအတွက် ဤဝေါဟာရကို သုံးနှုန်းထားသည်။ ယောရှုသည် မစုံလင်မှုများ သို့မဟုတ် အသေးအဖွဲအရာများကို စိတ်ထဲတွင် မရှိပါ။ ယင်းအစား၊ ဤနေရာတွင်သူသည် ရုပ်တုကိုးကွယ်ခြင်း အယူဝါဒ သို့မဟုတ် အခြားသောဘုရားများအားဝတ်ပြုခြင်း အဆင့်ကိုဆိုလိုသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

> ၂၃:၁၆ ပါ စာသား၌ပင် လူတို့အား အခြားသောနတ်ဘုရားများကိုသွား၍ ဝတ်ပြုခြင်းမပြုရန် သတိပေးသည်မှာ ထင်ရှားသည်။ ထို့ကြောင့်၊ ဤကိစ္စတွင် သခင်ဘုရား၏ပဋိညာဉ်ကို ပြစ်မှားခြင်းသည် ပဋိညာဉ်ဖောက်ဖျက်ခြင်းကို ဖြစ်ပေါ်စေသော ပဌမပညတ်တော်နှစ်ပါးကို ဖောက်ဖျက်ခြင်းပါဝင်သည်။ ၎င်းသည် ဝတ်ပြုရာကျမ်း ၂၆ တွင် ပဋိညာဉ်၏ကောင်းချီးမင်္ဂလာများနှင့် ကျိန်ခြင်းများကို မပြစ်မှားကြရန် မောရှေသည် လူများအားသတိပေးခဲ့ပြီး၊ တရားဟောရာ ၄:၂၅-၃၁ နှင့် ၂၈-၃၂ တွင် သူတောင်းဆိုခဲ့သည်။ ထို့ကြောင့်၊ ယောရှုသည် သူ၏ဆရာ မောရှေ၏ညွှန်ကြားချက်ကို ဆက်လက်လုပ်ဆောင်နေခြင်း ဖြစ်သည်။ လူတို့အား—ယခု သူတို့သည် တိုင်းပြည်ဝင်ရောက်ကာ သိမ်းပိုက်အောင်နိုင်ခဲ့ပြီ— ပညတ်တော်တို့ကို ဖောက်ဖျက်၍ သခင်ဘုရား၏ ပဋိညာဉ်ကို ပြစ်မှားခြင်းမပြုရန် တိုက်တွန်းခဲ့သည်။ မောရှေသည် မည်သည့် အရာဖြစ်လာမည်ကို သတိပေးခဲ့သည်_ သူတို့သည် ပြစ်မှားလျှင် တိုင်းပြည်မှ နှင်ထုတ်ခံရလိမ့်မည်။ ထို့ကြောင့်၊ တစ်နည်းအားဖြင့် ပဋိညာဉ်ကို စောင့်ထိန်းခြင်းဖြင့် ပြည်တော်၌ အသက်တာရှည်ရန် သူတို့ကို ယောရှု တိုက်တွန်းထားသည်။
>
> **Dr. James M. Hamilton**

ယောရှု၏ ပဋိညာဉ်သတိပေးချက်များ၏ အခြေခံဖွဲ့စည်းပုံနှင့် ပါဝင်သောအကြောင်းအရာကို စိတ်ထဲမှတ်သားထားခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ဤအခန်း၏ မူလအဓိပ္ပာယ်ကိုစဉ်းစားရန် အနေအထားတွင်ရှိနေပြီဖြစ်သည်။

# မူလအဓိပ္ပါယ်

ယေဘူယျအားဖြင့်၊ ဤအခန်းသည် သူ၏ပရိသတ်အပေါ်တွင် အကျိုးသက်ရောက်မှုရှိမည်ဟု ယောရှုမှတ်စာရေးသားသူ၏ မျှော်လင့်ထားမှုကို စိတ်ကူးကြည့်ရန် မခက်ခဲပါ။ တရားသူကြီးများ လက်ထက်တွင်၊ ဣသရေလတို့သည် ခါနာန်လူတို့၏ရုပ်တုကိုးကွယ်ခြင်းသို့ ဆွဲငင်ခံရသောကြောင့် ပဋိညာဉ်ကျိန်ခြင်းများ စတင်ခံစားလာရသည်။ ဘုရင်စနစ်အတွင်း မတူညီသောအချိန်များတွင်၊ ဗာလဘုရားနှင့် အခြားသောနတ်ဘုရားများကို ဝတ်ပြုကိုးကွယ်မှုတွင် ဣသရေလလူမျိုးတို့ပါဝင်ခြင်းကြောင့်သာ၍ဆိုးသောအကျိုးဆက်များ ကျရောက်ခဲ့သည်။ မှန်ပါသည်၊ ယောရှုပြောခဲ့သည့်အတိုင်း ဗာဗုလုန်၌ကျွန်ခံခြင်းသည် နောက်ဆုံးတွင် ဣသရေလလူမျိုးသို့ ရောက်လာခဲ့သည်။ ထို့ကြောင့်၊ ၎င်းတို့၏အခက်အခဲအခြေအနေများနှင့်ပတ်သက်၍ ဘုရားသခင်သည် ကိုယ်တော်၏လူမျိုးအပေါ် သစ္စာပျက်ခဲ့သည်ဟု ဘုရားသခင်ကိုအပြစ်တင်ခွင့်ပြုမည့်အစား၊ ကျမ်းရေးသူသည် ၎င်းတို့၏စုံစမ်းမှုများသည် ဘုရားသခင်အပေါ် သစ္စာမဲ့မှုကြောင့် ဖြစ်ပေါ်လာကြောင်း မူလပရိသတ်အား အတိအလင်း ပြောခဲ့သည်။

၎င်းတို့၏အခြေအနေများအတွက်တာဝန်ရှိကြောင်း ပရိသတ်တို့သိရှိနိုင်ရန် ကျမ်းတစ်လျှောက်လုံးတွင် ကျွန်ုပ်တို့မြင်တွေ့ရသည့် အဓိကအကြောင်းအရာငါးခုကို သူ၏ပဋိညာဉ်သတိပေးချက်တွင် ကျမ်းရေးသူထည့်သွင်းထားသည်။

## ဘုရားသခင်၏အခွင့်အာဏာ

ပထမ၊ ယောရှု၏ဖိတ်ခေါ်ချက်များတွင်၊ သူသည်လူထု၏နောက်ကွယ်ရှိ ဘုရားသခင်၏အခွင့်အာဏာကို ဖော်ပြခဲ့သည်။ ၂၃:၂က တွင်၊ လူများကိုဖိတ်ခေါ်သောယောရှုဖြစ်ကြောင်းဖော်ပြခဲ့သည်။ ကျွန်ုပ်တို့သိသည့်အတိုင်း၊ ဘုရားသခင်သည် ယောရှုအား မောရှေ၏အခွင့်အာဏာကိုဆက်ခံသူအဖြစ် အခွင့်အာဏာပေးထားကြောင်း အကြိမ်ကြိမ်အလေးပေးဖော်ပြခဲ့သည်။ ထို့ကြောင့်၊ အခန်းငယ် ၂ခ-၁၆ တွင်ပါရှိသော မိန့်ခွန်းကိုဟောပြောသူနှင့် လူများကိုဖိတ်ခေါ်သူသည် ယောရှုဖြစ်ကြောင်းဖော်ပြခြင်းဖြင့်၊ ကျမ်းရေးသူသည် ၎င်းနှစ်ခုစလုံး၏နောက်ကွယ်မှ ဘုရားသခင်၏အခွင့်အာဏာကို အလေးပေးဖော်ပြခဲ့သည်။

ကျွန်ုပ်တို့ အရိပ်အမြွက်ပြောထားပြီးဖြစ်သည့်အတိုင်း၊ ကျမ်း၏ဤအခန်းသည် မူလပရိသတ်အများစုအတွက် လက်ခံနိုင်ရန်ခက်ခဲကြောင်း တင်ပြထားပါသည်။ လူများစွာသည် ပဋိညာဉ်မစောင့်ထိန်းခြင်း၏အကျိုးဆက်များကို လက်မခံချင်ကြပါ။ ထို့ကြောင့်၊ ကျမ်းရေးသူသည် ယောရှုကိုယ်တိုင် ဤစကားများကိုပြောဆိုခဲ့ကြောင်း ထင်ရှားစွာဖော်ပြခြင်းဖြင့် သူ၏မူလပရိသတ်များ၏ဆုတ်ယုတ်မှုကို တုံ့ပြန်ခဲ့သည်။

## ဘုရားသခင်၏ပဋိညာဉ်

ဒုတိယ၊ ယောရှု၏မိန့်ခွန်းပါ ပဋိညာဉ်သတိပေးချက်များသည် ဘုရားသခင့်ပဋိညာဉ်၏အဓိကအကြောင်းအရာကို အာရုံစိုက်နေခြင်းမှာ အံ့သြစရာမဟုတ်ပါ။ ၂၃:၄ တွင်၊ ကျမ်းရေးသူသည် စီရင်ပိုင်ခွင့်ကိုဣသရေလလူမျိုး၏ "အမွေ" အဖြစ်ဖော်ပြသောအခါ၊ ဘုရားသခင်၏ပဋိညာဉ်ကို ရည်ညွှန်းပြောဆိုခဲ့သည်။ "အမွေ" အတွက် ဟေဗြဲအသုံးအနှုန်း — "*nachalah*" (נַחֲלָה) — သည် ကမ္ဘာဦး ၁၅:၁၈ တွင် ဘိုးဘေးများအားကျမ်းကျိန်ခြင်း သို့မဟုတ် ပဋိညာဉ်ဖြင့် ကတိပြုထားသောနယ်မြေဖြစ်ကြောင်း သင်မှတ်မိပါလိမ့်မည်။ ၂၃:၁၆ တွင်၊ ယောရှုသည် "သင်တို့၏ဘုရားသခင် ထာဝရဘုရားပေးတော်မူသော ပဋိညာဉ်တရားကိုမပြစ်မှားရန်"ဟူ၍ ဣသရေလလူတို့အား သတိပေးခဲ့သည်ကို ကျွန်ုပ်တို့အမှတ်ရသင့်သည်။

သူ၏မူလပရိသတ်များအနေဖြင့် သူတို့နှင့် ဘိုးဘေးများကိုပြသခဲ့သည့် ဘုရားသခင်၏များစွာသောကရုဏာတော်များအတွက် ဘုရားသခင်၏ပဋိညာဉ်အပေါ် ကျေးဇူးတင်ကြောင်းဖော်ပြရန် ကျမ်းရေးသူသည်အာရုံစိုက်ခဲ့သည်။ အကယ်၍မလုပ်ဆောင်ပါက ဘုရားသခင့်ကျိန်ခြင်း၏ ပြင်းထန်သောအကျိုးဆက်များကို ယောရှုသတိပေးခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

## မောရှေ၏ပညတ်တရားစံနှုန်း

တတိယ၊ ယောရှု၏ပဋိညာဉ်သတိပေးချက်များသည် မောရှေ၏ပညတ်တရားစံနှုန်းကို နည်းလမ်းများစွာဖြင့် ဖော်ပြခဲ့သည်။ ယောရှု၏မိန့်ခွန်း ၂၃:၆ တွင် "သင်တို့သည် မောရှေ၏ပညတ္တိကျမ်းစာလမ်းမှ လက်ျာဘက် လက်ဝဲဘက်သို့မလွှဲဘဲ၊ ပါသမျှအတိုင်းကျင့်စောင့်ခြင်းငှာရင်း" ဣသရေလလူမျိုးကို အမိန့်ပေးခဲ့သည်။ ၂၃:၁၁ တွင်၊ ယောရှုသည် ဣသရေလလူမျိုးအား "သင်၏ဘုရားသခင်ထာဝရဘုရားကိုချစ်" ရန် တရားဟောရာ ၆:၅ ရှိ မောရှေ၏ပညတ်မှ ထုတ်နှုတ်ခဲ့သည်။ ယောရှုသည်အပိုဒ်ငယ် ၇ တွင် ဣသရေလလူမျိုးများကို "ဤလူမျိုးနှင့် မပေါင်းဘော်၊ သူတို့ဘုရား၏နာမကိုမြွက်၍မကျိန်ဆို၊ ဝတ်မပြု ဦးမညွတ်" ရန်အမိန့်ပေးခဲ့သည်။ အခန်းငယ် ၈၊ ၁၂ တွင် ဤအရာများနှင့် တူညီသောညွှန်ကြားချက်များသည် တရားဟောရာ ၇:၃ နှင့် ၁၀:၂၀ ကျမ်းပိုဒ်များမှထုတ်နှုတ်ခဲ့သည်။

မောရှေ၏ပညတ်ကို ယောရှုသည် သူ၏မူလပရိသတ်များအားသတိပေးရန် သူ၏ကျမ်းတွင် အကြိမ်ကြိမ်ဖော်ပြခဲ့သည့်အချက်ကို ကျမ်းရေးသူ မှတ်သားခဲ့သည်။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများရရှိရန် သူတို့၌ရှိသော တစ်ခုတည်းသောမျှော်လင့်ချက်မှာ မောရှေ၏ပညတ်တရားစံနှုန်းအပေါ် ၎င်းတို့၏သစ္စာစောင့်သိမှုကို ပြန်လည်အတည်ပြုရန်ဖြစ်သည်။

## ဘုရားသခင်၏ သဘာဝလွန်တန်ခိုးတော်

စတုတ္ထ၊ ဤအခန်းသည် ယောရှု၏ပဋိညာဉ်သတိပေးချက်များနှင့် ဘုရားသခင်၏သဘာဝလွန်တန်ခိုးကို အသေးစိတ်ဖော်ပြသည်။ ဥပမာ၊ ယောရှု၏ဖိတ်ခေါ်မှုမှတ်တမ်း ၂၃:၁ တွင်"ထာဝရဘုရားသည် ပတ်ဝန်းကျင်နေသော ရန်သူအပေါင်းတို့လက်မှ ဣသရေလအမျိုးကို ကယ်လွှတ်၍" ဟုဖော်ပြထားသော အခါ ဘုရားသခင်၏ကြီးမြတ်သောတန်ခိုးတော်ကို ရည်ညွှန်းသည်။ တူညီသောအကြောင်းအရာကို ယောရှု၏မိန့်ခွန်းတွင်လည်း အကြိမ်များစွာတွေ့ရသည်။ ၂၃:၃ တွင်၊ ယောရှုသည် ဣသရေလလူမျိုးအား "သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် သင်တို့ဘက်၌စစ်တိုက်တော်မူပြီ" ဟု သတိပေးခဲ့သည်။ အခန်းငယ် ၅ တွင် "သင်တို့၏ဘုရားသခင် ထာဝရဘုရား ကတိတော်ရှိသည်အတိုင်း၊ ဤလူမျိုးတို့ကို နှင်ထုတ်၍ သင်တို့မမြင်ရအောင် သုတ်သင်ပယ်ရှင်းတော်မူသဖြင့်" ဟု သူတို့ကိုအာမခံခဲ့သည်။ အပိုဒ်ငယ် ၉ တွင် "ကြီးမား၍ ခွန်အားနှင့်ပြည့်စုံသောလူမျိုးတို့ကို ထာဝရဘုရားသည် သင်တို့ရှေ့မှ နှင်ထုတ်တော်မူသဖြင့်" ဟု အကြိမ်ကြိမ်ဆိုသည်။ အခန်းငယ် ၁၀ တွင် "သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် ကတိတော်ရှိသည်အတိုင်း၊ သင်တို့ဘက်၌စစ်တိုက်တော်မူ၏" ဟုဆိုသည်။ ဣသရေလလူမျိုးကို တရားစီရင်ရာတွင် ဘုရားသခင်၏သဘာဝလွန်တန်ခိုးကို ယောရှုရည်ညွှန်းခဲ့သည်။ အခန်းငယ် ၁၅ တွင် ဖော်ပြထားသည်အတိုင်း"သင်တို့ကို သုတ်သင်ပယ်ရှင်းတော်မမူမီတိုင်အောင်၊ ထာဝရဘုရားသည် သင်တို့အပေါ်၌ ဘေးဥပဒ်အပေါင်းတို့ကို ရောက်စေတော်မူမည်။" အပိုဒ်ငယ် ၁၆ တွင် "ထာဝရဘုရားသည် အမျက်ထွက်၍ အရင်ပေးတော်မူသော ဤကောင်းမွန်သောပြည်၌ သင်တို့ သည်အလျှင်အမြန် ပျောက်ပျက်ကြလိမ့်မည်" ဟု ယောရှုသတိပေးခဲ့သည်။

ကျွန်ုပ်တို့မြင်ရသည်အတိုင်း၊ ဣသရေလလူမျိုးအား ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော် အကြောင်း ယောရှုသတိပေးခဲ့ပုံကို ကျမ်းရေးသူသည် အကြိမ်ကြိမ်ထောက်ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ယောရှု၏စကားများသည် သူ၏မူလပရိသတ်ကို ကျေးဇူးတင်ခြင်းနှင့် ကောင်းချီးမင်္ဂလာများဆီသို့ ပို့ဆောင်ရန်ရည်ရွယ်ခဲ့သည်။ ထို့အပြင် သူတို့၏သစ္စာမဲ့မှုများအတွက် သဘာဝလွန်ကျိန်ခြင်းဆိုင်ရာ သတိပေးချက်တိုင်းကို သူတို့၏စိတ်နှလုံးတွင် ကြောက်ရွံ့ထိတ်လန့်စေပြီး နောင်တရခြင်းဆီသို့ ဦးတည်စေခဲ့သည်။

## ဣသရေလလူမျိုးအားလုံး

ပဉ္စမ၊ အခန်းကြီး ၂၃ ပါ ပဋိညာဉ်သတိပေးချက်များသည် ဣသရေလလူမျိုးအားလုံး၏ပါဝင်မှုကို အလေးပေးဖော်ပြထားသည်။ ယောရှု၏ဖိတ်ခေါ်ချက်များတွင်၊ ယောရှုသည် "ဣသရေလလူမျိုးအပေါင်းတို့" ကို စုဝေးစေကြောင်း အခန်းငယ် ၂ တွင် မှတ်သားထားသည်။ ယောရှု၏မိန့်ခွန်းတွင်၊ ဘုရားသခင်၏ပဋိညာဉ်ကိုချိုးဖောက်ခြင်းအတွက် ကျိန်ခြင်း၏အကျိုးဆက်များနှင့်ပတ်သက်၍ သူ၏ သတိပေးချက်များသည် ဘုရားသခင်၏လူ*အချို့*နှင့်သာသက်ဆိုင်သည်မဟုတ်ပါ။ ဤအခန်းတွင် ယောရှုဖော်ပြထားသော အခြေခံသဘောတရားများနှင့်အညီ ဣသရေလလူမျိုးတစ်ခုလုံး၏အနာဂတ်ကို ဆုံးဖြတ်မည်ဖြစ်သည်။

ယောရှုမှတ်စာရေးသားသူသည် ဣသရေလလူတိုင်း ယောရှုပြောခဲ့သည်များကိုအာရုံစိုက်ရန် အခန်း ၂၃ တွင် ဤအဓိကအကြောင်းအရာအား အာရုံစိုက်ခဲ့သည်မှာ သေချာသည်။ ယောရှုလက်ထက် ကဲ့သို့ပင် ကျမ်းရေးသူခေတ်တွင် လူမျိုးတစ်ခုလုံးသည် ယောရှု၏သတိပေးချက်များကို ဂရုပြုရန်လိုအပ်ပါသည်။ သို့မှသာ သူတို့သည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကိုမြင်တွေ့နိုင်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။

> ဘုရားသခင်သည် ဣသရေလလူမျိုးများအား သူတို့လုပ်သင့်၊ မလုပ်သင့်သည့်အရာများကို ညွှန်ကြားခဲ့သည်... သို့သော် သူတို့သည် တခြားသောနတ်ဘုရားများကို ကိုးကွယ်သည့်အိမ်နီးချင်းများနှင့် ဆိုးရွားသောအကျင့်ဆိုးများနောက် လိုက်သွားကြသည်။ ထို့ကြောင့် ဘုရားသခင်သည် ဣသရေလလူတို့ကို သူနှင့်ပြုသောပဋိညာဉ်တွင် သစ္စာရှိစေလိုသည်။ ထို့ပြင် ဘုရားသခင်နှင့်ပြုသော ပဋိညာဉ်ကို သူတို့သစ္စာရှိမည်ဆိုပါက အရာရာအဆင်ပြေမည်ဟု ကတိပေးခဲ့သည်။ အကယ်၍ ပဋိညာဉ်ကိုဖောက်ဖျက်လျှင်မူကား၊ သူတို့၌ဆိုးသောအရာ တစ်ခုခုဖြစ်လိမ့်မည်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့အသက်တာ၌လည်း အတူတူပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပဋိညာဉ်ကို သစ္စာစောင့်သိပါက၊ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိလိမ့်မည်၊ ကျွန်ုပ်တို့ကို ဦးဆောင်မည်ဖြစ်ပြီး၊ ယောရှုအားကတိပြုထားသည့်အတိုင်း ကျွန်ုပ်တို့၌ ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။
>
> **Pastor Micah Ngussa**

ယောရှု၏ပဋိညာဉ်သတိပေးချက်များကို ဖော်ပြခြင်းဖြင့် ဣသရေလ၏ပဋိညာဉ်သစ္စာစောင့်သိမှုကိုယောရှုမှတ်စာသည် မည်သို့ကိုင်တွယ်ဖြေရှင်းသည်ကို တွေ့မြင်ရပြီးနောက်၊ ယခုကျွန်ုပ်တို့သည် ဤသင်ခန်းစာ၏ဒုတိယအဓိကအကြောင်းအရာကို လေ့လာရန်အနေအထားတွင် ရှိနေပြီဖြစ်သည်_ ယောရှု၏ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းအခမ်းအနား။

# ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်း

အခန်း ၂၃ ပါဇတ်လမ်းသည် ကျွန်ုပ်တို့ကို ပုံစံအမျိုးမျိုးဖြင့်သည်းထိတ်ရင်ဖိုဖြစ်စေသည်။ ဘုရားသခင်နှင့်ပြုသော ပဋိညာဉ်ဖောက်ဖျက်ပါက ဖြစ်ပေါ်လာမည့် ကြောက်မက်ဖွယ်အရာများကို သတိပေးသည့် မိန့်ခွန်းတစ်ရပ်အား ယောရှုသည် ဣသရေလလူတို့ကို ပြောကြားခဲ့သည်။ သို့သော် ဣသရေလလူမျိုးများ မည်သို့တုံ့ပြန်ခဲ့သည်ကိုမူ ဖော်ပြခြင်းမရှိပေ။ သူရေးသားမည့် ပရိသတ်ကို ပြင်ဆင်ရန် ၎င်းတို့၏တုံ့ပြန်မှုမှတ်တမ်းကို ကျမ်းရေးသူသည် အခန်း ၂၄ တွင်ချန်လှပ်ထားသည်။ ဤနောက်ဆုံးအခန်းတွင် ယောရှုသည် ဒုတိယစည်းဝေးပွဲကို ကျင်းပခဲ့သည်။ ဤအသစ်ပြန်လည်ပြုခြင်းအခမ်းအနားတွင်၊ ဣသရေလလူမျိုးတို့သည် ဘုရားသခင်နှင့်ပြုသော ပဋိညာဉ်ကိုစောင့်ထိန်းရန် ပြန်လည်၍ကတိပြုခဲ့ကြသည်။ ထို့ပြင် ယောရှုမှတ်စာမှ သူတို့သင်ယူခဲ့မှုများအား မူလပရိသတ်များ၏တုံ့ပြန်ပုံကို ဤအခမ်းအနားက ဖော်ပြသည်။

ယောရှု၏ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းအခမ်းအနားကို ကျွန်ုပ်တို့၏ပုံမှန်ပုံစံအတိုင်း လေ့လာပါမည်။ ၎င်း၏ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာ၊ ၎င်း၏မူလအဓိပ္ပာယ်ကို ကျွန်ုပ်တို့ မှတ်သားပါမည်။ ယောရှု၏ ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်း၏ ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို ဦးစွာသုံးသပ်ကြည့်ကြပါစို့။

## ဖွဲ့စည်းမှုနှင့်ပါဝင်အကြောင်းအရာ

ကျွန်ုပ်တို့မြင်တွေ့ရသည်အတိုင်း၊ ဣသရေလအမျိုးအနွယ်တို့ အမွေမြေအမျိုးမျိုး၌ အခြေချပြီးနောက်၊ ယောရှုသည်ရှိလောမြို့၌ စည်းဝေးခြင်းငှါဖိတ်ခေါ်ခဲ့သည်။ သို့သော် ဤအခန်းတွင်၊ ရှေခင်မြို့၌ အခြားစည်းဝေးပွဲတစ်ခုကို ကျွန်ုပ်တို့တွေ့ရသည်။ ရှေခင်မြို့သည် ဣသရေလလူမျိုးအတွက် အထူးမြင့်မြတ်သောနေရာဖြစ်သည်။ ကမ္ဘာဦး ၁၂:၇ တွင်ကတိတော်ပြည်၌ အာဗြဟံသည် ဘုရားသခင်အား ယဇ်ပလ္လင်တစ်ခုတည်ခဲ့သော ပထမဆုံးနေရာဖြစ်သည်။ ရှေခင်မြို့သည် ဂေရဇိမ်တောင်နှင့် ဧဗလတောင်အနီးတွင်ရှိပြီး၊ တရားဟောရာ ၁၁၊ ၂၇ တွင် ဘုရားသခင်နှင့်ပြုသော ပဋိညာဉ်ကို ပြန်လည်၍ အသစ်ပြုရန် ဣသရေလလူတို့အား မောရှေမိန့်ကြားခဲ့သည့် နေရာဖြစ်သည်။ ကျမ်း၏ဤနောက်ဆုံးအခန်းတွင်၊ ရှေခင်မြို့သည် ယောရှု၏ ဣသရေလလူမျိုး၏ခေါင်းဆောင်အဖြစ် အမှုဆောင်ခြင်းအထွတ်အထိပ်သို့ ရောက်ရှိသောနေရာဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ရှောင်မြို့တွင် ဣသရေလလူမျိုး၏ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းသည် အဓိကအပိုင်းလေးပိုင်းခွဲထားသည့် ချောမွေ့မှုမရှိသောဇာတ်လမ်းဖြစ်သည်။ လူထုအား ယောရှု၏ဒုတိယဖိတ်ခေါ်ချက်ကို ၂၄:၁ တွင် ဦးစွာတွေ့ရသည်။ ကျမ်း၏အဆုံး ၂၄:၂၈ တွင် ယောရှုသည်လူထုအား မိမိတို့အမွေခံရာအရပ်သို့ပြန်စေခြင်းဖြင့် ဤဖိတ်ခေါ်ချက်သည် မျှတခဲ့ပါသည်။ ဤအရာနှစ်ခုကြား၊ အခန်းငယ် ၂-၂၄ တွင် ယောရှု၏ဒုတိယမိန့်ခွန်းနှင့် ဣသရေလလူမျိုး၏တုံ့ပြန်မှု၊ အခန်းငယ် ၂၅-၂၇ တွင် ပဋိညာဉ်အတည်ပြုခြင်း အဓိကဇာတ်လမ်းများ ပါဝင်သည်။ အခန်းငယ် ၁ တွင်တွေ့ရသော အဖွင့်ဖိတ်ခေါ်ချက်ကို ဦးစွာသုံးသပ်ပါ။

## ဖိတ်ခေါ်ချက်များ

ဤစည်းဝေးပွဲသို့ ယောရှု၏ဆင့်ခေါ်မှုမှတ်တမ်းသည် အခန်း ၂၃ ပါ သူ၏ဖိတ်ခေါ်ချက်များနှင့် တူညီပြီး ကွဲပြားမှုလည်းရှိသည်။ ယခင်စည်းဝေးပွဲကဲ့သို့ပင်၊ ၂၄:၁ တွင် ယောရှုသည် "ဣသရေလအမျိုးအပေါင်းတို့" နှင့် "အသက်ကြီးသူ၊ အကဲအမှူး၊ တရားသူကြီး၊ အရာရှိများ"ကိုဖိတ်ခေါ် ခဲ့သည်။ ဤဖိတ်ခေါ်ချက်တွင် တွေ့မြင်ရသည့် အထင်ရှားဆုံးကွာခြားချက်မှာ ယောရှုနှင့် ဣသရေလလူမျိုးတို့သည် "ဘုရားသခင်ရှေ့တော်သို့ ချဉ်းကပ်ကြခြင်းပင်" ဖြစ်သည်။ တစ်နည်းဆိုရသော်၊ သူတို့သည် တဲတော်၌ ဘုရားသခင်၏မြင်နိုင်သော ဘုန်းတော်ရှေ့တွင် စုဝေးကြသည်။ ကျမ်းရေးသူသည် ထွက်မြောက်ရာကျမ်း ၁၉-၂၄ မှတူညီချက်များကို ကိုးကားခြင်းဖြင့် ဤအဖြစ်အပျက်၏ရည်ရွယ်ချက်ကိုဖော်ပြသည့် အကြိမ်များစွာထဲမှ ပထမဆုံးအကြိမ်ဖြစ်သည်။ ဤအခန်းများတွင် ဣသရေလလူမျိုးတို့သည် သိနာတောင်ပေါ် ဘုရားသခင်၏မျက်မှောက်တော်ရှေ့တွင် ပဋိညာဉ်ဖွဲ့ခဲ့သည်။ ထို့ကြောင့်၊ ထွက်မြောက်ရာကျမ်းတွင်ကဲ့သို့ပင်၊ ယောရှုလက်ထက်၌ ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းသည်လည်း ဘုရားသခင်၏မျက်မှောက်တော်ရှေ့တွင်ပင်ဖြစ်သည်။

## မိန့်ခွန်းနှင့် တုံ့ပြန်မှုများ

ယောရှု၏ဖိတ်ခေါ်မှုပြီးနောက်၊ ကျမ်းရေးသူသည် ၂၄:၂-၂၄ တွင် ယောရှု၏မိန့်ခွန်းနှင့် ဣသရေလလူမျိုး၏တုံ့ပြန်မှုများကို ဖော်ပြခဲ့သည်။ ယေဘူယျအားဖြင့်၊ ဤမိန့်ခွန်းသည် ဣသရေလနှင့်ဘုရားသခင့်ပဋိညာဉ်၏အခြေခံတွန်းအားကို အာရုံစိုက်စေသောကြောင့်၊ အခန်း ၂၃ ပါစည်းဝေးပွဲမှ သူ၏မိန့်ခွန်းနှင့်ဆင်တူသည်။ ၎င်းသည် ဘုရားသခင်၏ကရုဏာတော်ကို အာရုံစိုက်သည်၊ ဣသရေလလူမျိုးများအား ဘုရားသခင်အပေါ် သစ္စာစောင့်သိရန်တောင်းဆိုသည်၊ သစ္စာမဲ့ခြင်း၏အကျိုးဆက်များကို သတိပေးထားသည်။ ရုပ်တုကိုးကွယ်ခြင်းမှာလည်း အခန်း ၂၃ ကဲ့သို့ပင် အခန်း ၂၄ ၏ အထူးအာရုံစိုက်မှုတစ်ခုဖြစ်သည်။ သို့သော် ယခင်အခန်းနှင့်မတူဘဲ၊ ဤအခန်းသည် ယောရှုပြောခဲ့သည့်စကားအပေါ် ဣသရေလလူမျိုးတို့၏တုံ့ပြန်ပုံကို ဖော်ပြထားသည်။

ဤမိန့်ခွန်း၏ပထမအပိုင်းဖြစ်သည့် ဘုရားသခင်၏ ကြီးမားသောကရုဏာတော်ဆိုင်ရာဖော်ပြချက်ကို ၂၄:၂-၁၃ တွင်တွေ့ရသည်။ အခန်း ၂၃ တွင် ယောရှုသည် ဣသရေလလူမျိုးအတွက် ဘုရားသခင်လုပ်ဆောင်ပေးခဲ့သော အရာများစွာကို အကျဉ်းချုပ်ဖော်ပြခဲ့သည်ကို သင်မှတ်မိပါလိမ့်မည်။ သို့သော် ဤနေရာတွင်၊ ယောရှုသည် သူ၏ကိုယ်ပိုင်စကားလုံးများကို အသုံးပြုမည့်အစား၊ အပိုဒ်ငယ် ၂

တွင်၊ “ကာလေဗအမျိုး၏ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား…” ဟူသော တဲတော်၌ သူကြားခဲ့ခြင်း ဖြစ်ကောင်းဖြစ်နိုင်သည့် ဘုရားသခင်၏စကားကို ဤအခန်းငယ်တစ်လျှောက် ယောရှု တင်ပြခဲ့သည်။ ဘုရားသခင်သည် “ငါ” ဟူသော ပထမပုဂ္ဂိုလ်နာမ်စားကိုအသုံးပြု၍ ကာလေဗလူမျိုး အတွက် သူလုပ်ဆောင်ခဲ့သမျှကို တစ်ဆယ့်ရှစ်ကြိမ်တိုင် ဖော်ပြခဲ့သည်။ ဤပထမပုဂ္ဂိုလ်၏ရှုထောင့် သည် သိနာတောင်တွင် မောရှေကြားခဲ့သည့်အရာများကိုတင်ပြထားသော ကာလေဗလူမျိုး၏ပဋိညာဉ် ကိုပဲ့တင်ထပ်သည်။ ၎င်းသည် ဘုရားသခင်ကိုယ်တော်တိုင် ကာလေဗလူမျိုးအား ကိုယ်တော်၏ ကရုဏာတော်များစွာကို တိုက်ရိုက်သတိပေးနေကြောင်းကို အာရုံစိုက်စေခဲ့သည်။

ဘုရားသခင်သည် ကာလေဗလူမျိုးအပေါ် သူ၏ကရုဏာတော်ကို သမိုင်းခေတ်ကာလသုံးခုတိုင် ကျင့်သုံးခဲ့သည်။ ပထမ၊ အခန်းငယ် ၃၊ ၄ တွင် ကာလေဗလူမျိုး၏ဘိုးဘေးများလက်ထက် ရှေးမျိုး ဆက်များကို ဘုရားသခင်မျက်နှာသာပေးခဲ့ပုံကို ပြန်လည်အမှတ်ရစေသည်။ ဒုတိယ၊ အခန်းငယ် ၅-၁၀ တွင် မောရှေလက်ထက် ကိုယ်တော်၏မျက်နှာသာပေးမှုကို ဖော်ပြသည်။ တတိယ၊ အခန်းငယ် ၁၁-၁၃ တွင် ယောရှုလက်ထက် ကာလေဗလူတို့၌ ဖြစ်ပျက်ခဲ့သည့်အရာနှင့် အဆုံးသတ်ခဲ့သည်။ အပိုဒ်ငယ် ၁၂ တွင်၊ ဘုရားသခင်သည် ကာလေဗတို့ ရန်သူများအပေါ် အနိုင်ရခြင်းသည် “သင်တို့၌ ထားနှင့်လေးမပါ ဘဲ”ဖြစ်ကြောင်း ထင်ရှားစွာဖော်ပြထားသည်။ အခန်းငယ် ၁၃ တွင်၊ “သင်တို့မလုပ်သောမြေ၊ မတည် သောမြို့တို့ကို ငါပေး၍သင်တို့သည်နေရကြ၏။ ကိုယ်တိုင်မစိုက်သောစပျစ်ဥယျာဉ်၊ သံလွင်ဥယျာဉ် တို့ကို စားရကြသည်ဟု ထာဝရဘုရားအမိန့်တော်ရှိ၏" အဓိကအယူအဆမှာ ရှင်းပါသည်။ ဘုရားသခင် ရှေ့တွင်စုဝေးကြသော ကာလေဗလူမျိုးများ၏အောင်မြင်မှုတိုင်းသည် ဘုရားသခင်၏ကရုဏာတော် ကြောင့်သာ ဖြစ်သည်။

> ပဋိညာဉ်အခမ်းအနားသည် ကာလေဗအမျိုးသားတို့အားသွန်သင်ရန် ကြီးမားသောသတင်းစကားရှိသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ရှုထောင့်တစ်ခုမှာ ကာလေဗလူမျိုး၏သမိုင်းတွင် ဘုရားသခင်၏သစ္စာစောင့်သိမှုအကြောင်း ဤနှုတ်ဆက်မိန့်ခွန်းတွင် သူမည်သို့စတင်ပြောဆိုခဲ့သည်ကို ကြည့်ရှုခြင်း ဖြစ်သည်။ သူသည် အာဗြဟံနှင့်စတင်ပြီး အခြားဘိုးဘေးများအကြောင်း ဆက်လက်ပြောဆိုခဲ့သည်။ သူသည် ကာလေဗလူတို့ကို ဘုရားသခင် ကယ်တင်ခဲ့သည့် ပင်လယ်နီအတွေ့အကြုံ၊ တော၌ ဘုရားသခင်၏ သစ္စာစောင့်သိမှုအကြောင်း၊ နောက်ဆုံးတွင် ကတိတော်ပြည်၌သူတို့အား ဘုရားသခင်သည် အောင်မြင်မှုများပေးခဲ့ပုံကို ဆက်လက်ဖော်ပြခဲ့သည်။ ထို့ပြင် သူတို့သည်ဘုရားသခင်၏သစ္စာတော်ကို ဤဖြစ်ရပ်များမှတစ်ဆင့် ကြားရုံသာမက၊ သူတို့ကိုယ်တိုင်လည်း ဤဖြစ်ရပ်အချို့ကိုမြင်တွေ့ခဲ့ကြသည်။ အဓိကအချက်မှာ၊ သူတို့အတွက် ဤသမိုင်းဆိုင်ရာသင်ခန်းစာကို ယောရှုဖော်ပြရာ၌၊ ဘုရားသခင်၏သစ္စာရှိမှုကို သူတို့အားသတိပေးရန်သာ ဖြစ်ပြီး၊ အာဗြဟံကာလမှစ၍ ဘုရားသခင်သည် သူ၏လူများနှင့်အတူရှိခဲ့ပြီး၊ ဆက်လက်သစ္စာရှိနေသောကြောင့် သူတို့သည် သစ္စာရှိရမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

**Dr. T. J. Betts**

ယောရှု၏မိန့်ခွန်းဒုတိယအပိုင်း အခန်းငယ် ၁၄-၂၄ တွင်၊ ယောရှုသည် သစ္စာစောင့်သိရန်နှင့် ကျရှုံးခြင်း၏အကျိုးဆက်များကိုသတိပေးချက်ဖြင့် ဘုရားသခင်၏ကရုဏာတော်များကို ပြန်လည်သုံးသပ်ခဲ့သည်။ ထွက်မြောက်ရာကျမ်း ၁၉၊ ၂၄ တွင် မောရှေကဲ့သို့ပင်၊ ယောရှုသည် လူများထံမှ တုံ့ပြန်မှုကိုမျှော်လင့်ပြီး၊ လက်ခံခဲ့သည်။ ဤအပိုင်းကို ခေါ်ဆိုမှုနှင့် တုံ့ပြန်မှု သုံးခုဖြင့်ပိုင်းခြားထားသည်။

**ပထမခေါ်ဆိုမှုနှင့် တုံ့ပြန်မှု။** ပထမခေါ်ဆိုမှုနှင့် တုံ့ပြန်မှုကို အခန်းငယ် ၁၄-၁၈ တွင်တွေ့ရသည်။ အခန်းငယ် ၁၄ တွင်၊ ယောရှုသည် "ထာဝရဘုရားကိုကြောက်ရွံ၍ ကြည်ဖြူခြင်း၊ သစ္စာစောင့်ခြင်းနှင့် တကွဝတ်ပြုကြလော့"ဟု ဣသရေလလူမျိုးအား တိုက်တွန်းခဲ့သည်။ ထို့နောက် "မြစ်ကြီးတစ်ဖက်၌လည်းကောင်း၊ အဲဂုတ္တုပြည်၌လည်းကောင်း၊ ဘိုးဘေးတို့ဝတ်ပြုသောဘုရားတို့ကိုပယ်" ရန် ဣသရေလလူမျိုးအား ထပ်မံရှင်းပြခဲ့သည်။ ယင်းနောက် အခန်းငယ် ၁၅ တွင် "အဘယ်မည်သောဘုရားတို့အား ဝတ်ပြုမည်အရာကို ယနေ့ရွေးကြလော့" ဟုသူတို့ကို ပြောခဲ့သည်။ အခန်း ၂၃ တွင် ရုပ်တုကိုးကွယ်ခြင်း မပြုရန် ယောရှုသတိပေးခဲ့သော်လည်း၊ ဣသရေလလူတို့တွင် ရုပ်တုများရှိနေသေးသည်။ ယခုတွင်၊ ယောရှုသည် ရုပ်တုအားလုံးကိုဖယ်ရှားခြင်းဖြင့် မိစ္ဆာနတ်ဘုရားအားလုံးကို ငြင်းပယ်ရန် ဘုရားသခင်တောင်းဆိုထားသည်ဟု အခိုင်အမာဆိုခဲ့သည်။ ထင်ရှားသော ၂၄:၁၅ ပါစကားများကို ပြောဆိုခြင်းဖြင့် ယောရှုသည် စံနမူနာပြခဲ့သည်။ "ငါနှင့် ငါ့အိမ်သားဖြစ်လျှင်၊ ထာဝရဘုရားကိုသာ ဝတ်ပြုမည်။"

ဘုရားသခင်ကို ဝတ်ပြုခြင်းအကြောင်းအရာသည် ယောရှုအတွက် အလွန်အရေးကြီးသောကြောင့်၊ ဤအခန်းတွင် "အစေခံ" သို့မဟုတ် "abad" ဟေဗြဲဘာသာဖြင့် (עָבַד) ဟူသော စကားလုံးကို တစ်ဆယ်ခြောက်ကြိမ် အသုံးပြုခဲ့သည်။ အခန်းငယ် ၁၆-၁၈ တွင်၊ ဣသရေလတို့သည် ဘုရားသခင်ကို ဝတ်ပြုရန် ၎င်းတို့၏ကတိကဝတ်ကိုဖော်ပြခြင်းဖြင့် ယောရှု၏တောင်းဆိုမှုကို အပြုသဘောတုံ့ပြန်ခဲ့ကြသည်။ အခန်းငယ် ၁၈ တွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ၊ လူများက "ထာဝရဘုရားအား ဝတ်ပြုပါမည်၊ ထိုဘုရားသည် ငါတို့ဘုရားသခင်ဖြစ်တော်မူသည်"ဟုဆိုသည်။

**ဒုတိယခေါ်ဆိုမှုနှင့် တုံ့ပြန်မှု။** ဒုတိယခေါ်ဆိုမှုနှင့် တုံ့ပြန်မှုကို အခန်းငယ် ၁၉-၂၂ တွင်တွေ့ရသည်။ အခန်းငယ် ၁၉ တွင်၊ ယောရှုသည် "သင်တို့သည် ထာဝရဘုရားအား ဝတ်မပြုနိုင်။ ထိုဘုရားသည် သန့်ရှင်းသောဘုရား အပြစ်ရှိသည်ဟု ထင်လွယ်သောဘုရားဖြစ်တော်မူ၏။ သင်တို့ လွန်ကျူးပြစ်မှားသောအပြစ်တို့ကို သည်းခံတော်မမူ"ဟုပြောကာ လူထုကိုစိန်ခေါ် ခဲ့သည်။ ယခု၊ ယောရှုသည် ဤနေရာတွင် ဣသရေလလူမျိုးသည် ဘုရားသခင်အား ဝတ်မပြုနိုင်၊ ၎င်းတို့၏ပုန်ကန်မှုနှင့် အပြစ်များကို အချိန်တိုင်း၊ အခြေအနေတိုင်း၌ ခွင့်မလွှတ်ဟု မဆိုလိုပါ။ ယင်းအစား၊ သူတို့၏ရုပ်တုများကို မဖယ်ရှားမချင်း ဘုရားသခင်ကိုဝတ်ပြုရန်နှင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများရရှိရန် ကတိကဝတ်မပြုနိုင်ဟူသော အချက်ကို သူအာရုံစိုက်ခဲ့သည်။ ဘုရားသခင်သည် ယခင်ကဤအပြစ်ကို စိတ်ရှည်စွာဖြင့် လျစ်လျူရှုခဲ့သော်လည်း၊ ကိုယ်တော်သည် ယခုမလုပ်တော့ပါ။ ၂၄:၂၀ တွင် ယောရှုသတိပေးထားသည့်အတိုင်း၊ ရုပ်တုများကို ဆက်၍ဝတ်ပြုခြင်းသည် "သင်တို့၌ ကျေးဇူးပြုတော်မူပြီးမှ တစ်ဖန်လှည့်၍ညှဉ်းဆဲဖျက်ဆီးတော်မူမည်" ဟူသော ဆိုးရွားသောအကျိုးဆက်ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

ဤကြောက်မက်ဖွယ်သတိပေးချက်ကို လူများကြားပြီးနောက် ၂၄:၂၁ တွင် "မဟုတ်ပါ … ထာဝရဘုရားကို သာ ဝတ်ပြုပါမည်" ဟု ဝမ်းသာအားရတုံ့ပြန်ခဲ့ကြသည်။

**တတိယခေါ်ဆိုမှုနှင့် တုံ့ပြန်မှု။** တတိယခေါ်ဆိုမှုနှင့် တုံ့ပြန်မှုကို အခန်းငယ် ၂၃၊ ၂၄ တွင်တွေ့ရသည်။ အခန်းငယ် ၁၈၊ ၂၁ နှင့် ၂၂ တွင် လူတို့ထံမှ အပြုသဘောတုံ့ပြန်မှုများကို ရရှိပြီးနောက်၊ အပိုဒ်ငယ် ၂၃ တွင် ယောရှုသည် "သင်တို့တွင်ရှိသော တစ်ကျွန်းတစ်နိုင်ငံဘုရားတို့ကိုပယ်၍ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားဘက်သို့ စိတ်နှလုံးကို ညွတ်ကြလော့"ဟု ဘုရားသခင်အပေါ် သစ္စာစောင့်သိခြင်း၏ပထမဆုံး အပြင်ပန်းလုပ်ရပ်ကို ဖော်ပြခဲ့သည်။ အပိုဒ်ငယ် ၂၄ တွင်၊ ဣသရေလလူမျိုးက "ငါတို့ဘုရားသခင် ထာဝရဘုရားကိုဝတ်ပြုပါမည်။ စကားတော်ကို နားထောင်ပါမည်" ဟုဝန်ခံကြသည်။

> ယောရှု၏အပိတ်အခန်းကြီး ၂၃၊ ၂၄ တွင် ဘုရားသခင်အပေါ် သီးသန့်သစ္စာစောင့်သိရန်လိုအပ်ကြောင်း ယောရှု၏မိန့်ခွန်းပါရှိသည်။ ထိုနေရာ၌ မြစ်ကြီးတဘက်နှင့် အီဂျစ်ပြည်၌ ဘိုးဘေးများ ဝတ်ပြုကိုးကွယ်ခဲ့ကြသော နတ်ဘုရားများကိုပယ်ရှားရန် ယောရှု၏တိုက်တွန်းချက်ကို အထူးသဖြင့် တွေ့ရှိနိုင်သည်။ ဤသည်မှာ ဣသရေလလူမျိုးများသည် အခြားနတ်ဘုရားများနောက်သို့ အမြဲလိုက်သွားလိုသည့် စိတ်သဘောရှိခြင်းဟူသောအချက်ကို ရည်ညွှန်းခြင်းဖြစ်သည်။ A.W. Tozer ၏အဆိုအရ ၎င်းသည် လူ့စိတ်၏အခြေခံတရားဖြစ်ကာ၊ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ရုပ်တုကိုးကွယ်လိုသည်။ ယေဟောဝါဘုရားသခင်အပေါ် သီးသန့်သစ္စာစောင့်သိခြင်းအားဖြင့်သာ ဣသရေလလူမျိုးသည် အောင်မြင်ရုံသာမက၊ ကောင်းချီးမင်္ဂလာ အပြည့်အဝခံစားရမည်ဖြစ်ကြောင်း ယောရှုသိထားသည်။ အဘယ်ကြောင့်ဆိုသော် ဆာလံကျမ်းတွင် ဖော်ပြထားသည့်အတိုင်း၊ လူမျိုးများ၏နတ်ဘုရားများသည်အသက်မဲ့ကာ၊ ၎င်းအားဝတ်ပြုသူများကို ၎င်းတို့ကဲ့သို့ဖြစ်စေပြီး အသက်ရှင်၍စစ်မှန်သော ဘုရားသခင်သည် တစ်ပါးတည်းသာ ရှိသည်။ ထို့ကြောင့်၊ ဣသရေလလူမျိုးအတွက် သခင်ဘုရားအပေါ် သစ္စာစောင့်သိပြီး သီးသန့်ကတိသစ္စာပြုရန်သည်—သူတို့ကို သီးသန့်ကတိပြုထားသောကြောင့်— သူတို့၏တစ်ခုတည်းသော မျှော်လင့်ချက်၊ ဘဝနှင့် အနာဂတ် သာယာဝပြောရေး၏ရင်းမြစ် ဖြစ်သည်။
>
> **Rev. Michael J. Glodo**

## အတည်ပြုခြင်းအခမ်းအနား

ယောရှု၏မိန့်ခွန်းနှင့် ဣသရေလလူမျိုး၏တုံ့ပြန်မှုများပြီးနောက်၊ အခန်းငယ် ၂၅-၂၇ တွင် ဇာတ်လမ်းသည် ဣသရေလလူမျိုး၏ဘုရားသခင်အပေါ် ကတိကဝတ်အသစ်၏ အခမ်းအနားဆိုင်ရာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အတည်ပြုခြင်းသို့ ပြောင်းသွားသည်။ ဤအပိုင်းသည် အပိုဒ်ငယ် ၂၅ တွင် "ယောရှုသည် ထိုနေ့၌ လူများတို့နှင့် ပဋိညာဉ်ပြု၍ ရှေခင်မြို့မှာ စီရင်ထုံးဖွဲ့ချက်ကိုထားလေ၏" ဖြင့်အစပြုသည်။ အခန်းငယ် ၂၆ တွင်၊ ယောရှုသည် "ထာဝရဘုရား၏ သန့်ရှင်းရာဌာနတော်နားမှာရှိသော သပိတ်ပင်အောက်၌ ကျောက်ကြီးကိုထောင်လျက်" စိုက်ထူခြင်းဖြင့် ဤပဋိညာဉ်ကတိကဝတ်ကို အတည်ပြုခဲ့သည်။

ဤနေရာတွင်ဖော်ပြထားသော သပိတ်ပင်သည် ကမ္ဘာဦး ၁၂:၆ တွင်တွေ့ရသော ရှေခင်မြို့ရှိ မောရေသပိတ်ပင်ကြီးတို့ကို အမှတ်ရစေပါသည်။ ၎င်းသည် ခါနာန်ပြည်၌ အာဗြဟံသူ၏ပထမဆုံးသော ယဇ်ပလ္လင်ကို တည်ခဲ့သည့်အရပ်ဖြစ်သည်။ ဤစာစဉ်တွင် ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသည့်အတိုင်း၊ ကျောက်တုံးများကိုအထိမ်းအမှတ်အဖြစ် ယောရှုမှတ်စာတွင်မကြာခဏအသုံးပြုကြသည်။ ဥပမာ၊ ၄:၇ တွင် ယောရှုသည် "အစဉ်မပြတ် အောက်မေ့စရာ" အဖြစ် ဂိလဂါလတွင် ဣသရေလလူမျိုးအတွက် ကျောက်ဆယ်နှစ်လုံးကို စိုက်ထူခဲ့သည်။ ၂၂:၃၄ တွင် ထရန်ဂျော်ဒန်အနွယ်များတည်ဆောက်ထားသော ယဇ်ပလ္လင်ကို "ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူကြောင်းကို သက်သေအဖြစ်" တည်ထားခဲ့ သည်။ ၂၄:၂၇ တွင် ယောရှုက "ဤကျောက်သည် … သင်တို့သည် ဘုရားသခင်ကို ငြင်းပယ်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း သင်တို့အားသက်သေဖြစ်ရလိမ့်မည်"ဟု ရှင်းပြသည်။ ဤသက်သေ-ကျောက်တုံးသည် ဣသရေလတို့၏ဆန္ဒအလျောက် ရုပ်တုကိုးကွယ်မှုအားလုံးကိုစွန့်ခြင်းငှာ၊ ဘုရားသခင် နှင့်ပြုသောပဋိညာဉ်ကို အနာဂတ်မျိုးဆက်များမငြင်းပယ်နိုင်ပါ။ အကယ်၍ သူတို့သည် ဤကတိကို မလိုက်နာပါက၊ ၎င်းတို့အပေါ် ကျရောက်မည့် ဘုရားသခင်၏စီရင်ချက်များအတွက်သာ သူတို့ကိုယ်သူ တို့အပြစ်တင်နိုင်သည်။

## အမွေခံရာအရပ်သို့ပြန်စေခြင်း

ဤပြင်းထန်သောဖြစ်ရပ်များပြီးနောက်၊ အပိုဒ်ငယ် ၂၈ တွင် ယောရှု၏လူထုအား အမွေခံရာ အရပ်သို့ပြန်စေခြင်းနှင့်အတူ ဣသရေလလူမျိုး၏ပဋိညာဉ်အသစ်ပြန်လည်ပြုခြင်းမှတ်တမ်း ပြီးဆုံးခဲ့ သည်။ ကျမ်းရေးသူက ယောရှုသည် "အသီးအသီး မိမိတို့အမွေခံရာအရပ်သို့ ပြန်သွားရသောအခွင့်ကို ပေးလေ၏" ဟုမှတ်သားခြင်းဖြင့် ဤအဖြစ်အပျက်မှတ်တမ်းကို အပြီးသတ်ခဲ့သည်။ ဤဇာတ်လမ်း၏ အဆုံးသတ်မှုသည် မူလပရိသတ်များအဖို့စဉ်းစားရန် အရေးကြီးသည့်မေးခွန်းတစ်ခု ထွက်ပေါ်လာပါ သည်။ ရုပ်တုကိုးကွယ်ခြင်းကိုငြင်းပယ်ပြီး သခင်ဘုရားကိုသာဝတ်ပြုရန် ဣသရေလလူမျိုးသည် ၎င်းတို့ ၏ကတိကဝတ်ကို လိုက်နာခဲ့ပါသလား။ ကျမ်းကိုအဆုံးသတ်သည့်နောက် ၂၄:၃၁ တွင်ကျမ်းရေးသူက "ယောရှုလက်ထက်ကာလပတ်လုံး ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားကိုဝတ်ပြုကြ၏။ ထာဝရဘုရားသည် ဣသရေလအမျိုးအဖို့ ပြုတော်မူသမျှတို့ကိုသိ၍ ယောရှုမရှိသည်နောက် အသက်ရှင် သေးသော အသက်ကြီးသူတို့ လက်ထက်၌လည်း ထာဝရဘုရားကိုဝတ်ပြုကြ၏" ဟုဖော်ပြခဲ့သည်။ တရားသူကြီးမှတ်စာ၊ ဓမ္မရာဇဝင်ကျမ်းများထံမှ ကျွန်ုပ်တို့လေ့လာခဲ့သည်နှင့်အညီ၊ ဣသရေလသည် အချိန်အတော်ကြာ သစ္စာစောင့်သိနေကြပြီး၊ နောက်ပိုင်းမျိုးဆက်များသည် သစ္စာစောင့်သိမှုကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့ကြသည်။ ကျွန်ုပ်တို့ကျမ်း၏ မူလပရိသတ်များသည် ထိုအကြောင်းကြောင့် သူတို့ခံစားရသည့် အကျိုးဆက်များကို သိသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ယောရှု၏ ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းဆိုင်ရာ ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို ရှုမြင်ခြင်းဖြင့်၊ မူလအဓိပ္ပာယ်ကို ကျွန်ုပ်တို့လေ့လာသင့်သည်။

# မူလအဓိပ္ပါယ်

ခြုံငုံကြည့်လျှင် မူလပရိသတ်အတွက် ယောရှု၏ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်း၏ သက်ရောက်မှုများသည် ထင်ရှားပါသည်။ ကျမ်းရေးသူသည် ယောရှုမှတ်စာကို ရေးသားပြီးစီးသောအခါ၊ ဣသရေလလူတို့သည် ယောရှုလက်ထက်၌ ဘိုးဘေးများပြုခဲ့သော ကတိကဝတ်များကို လိုက်နာရန် ပျက်ကွက်ခဲ့ကြသည်။ သူတို့၏ မနာခံမှု၏အကျိုးဆက်များသည် ထင်ရှားပါသည်။ အကယ်၍ ဣသရေလလူမျိုးတစ်စုံတစ်ဦးအနေဖြင့် သူတို့သည် အဘယ်ကြောင့် ဤမျှလောက်ပြင်းထန်စွာ ခံစားခဲ့ရသည်ကိုသိရှိလိုပါက၊ သူတို့၏ပဋိညာဉ်ကို ထင်ရှားစွာချိုးဖောက်မှုအတွက် ဘုရားသခင်၏တရားစီရင်ခြင်းကို ခံထိုက်ကြောင်း ယောရှု ၂၄ က ရှင်းပြသည်။

အစောပိုင်းသင်ခန်းစာတစ်ခုတွင် ကျမ်း၏မူလပရိသတ်များသည် တရားသူကြီးများလက်ထက်၊ ဘုရင်စနစ်အတွင်း သို့မဟုတ် ယုဒ၏ဗာဗုလုန်၌ကျွန်ခံပြီးနောက်ပိုင်းကာလတစ်ချိန်ချိန်တွင် အသက်ရှင်ခဲ့ကြသည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ မည်သို့ပင်ဆိုစေကာမူ၊ ဘုရားသခင့်လူမျိုးသည် အခန်းကြီး ၂၄ တွင် ယောရှုအသစ်ပြန်လည်ဖော်ပြထားသော ပဋိညာဉ်ကို ချိုးဖောက်ခြင်းကြောင့် ပြင်းထန်သောအကျိုးဆက်များကို ခံစားခဲ့ရသည်။ တရားသူကြီးများလက်ထက်တွင်၊ ဣသရေလလူများစွာသည် ရုပ်တုကိုးကွယ်ရန်သွေးဆောင်ခြင်းခံရသည့် သားကောင်ဖြစ်ခဲ့ရသည်။ ရလဒ်အနေဖြင့်၊ ဒေသအသီးသီးရှိ လူမျိုးအသီးသီးတွင် ရှုံးနိမ့်မှုနှင့် လွတ်မြောက်မှုသံသရာကို ကြုံတွေ့ခဲ့ရသည်။ ဘုရင်စနစ်ကာလတွင် ရုပ်တုကိုးကွယ်ခြင်းသည် အခက်အခဲအမျိုးမျိုးကို ဖြစ်စေခဲ့သည်။ နိုင်ငံမြောက်ပိုင်း၌၊ အာရှုရိတို့၏ တိုက်ခိုက်မှုအောက် နောက်ဆုံးတွင် ရှမာရိမြို့ကျရှုံးပြီး၊ လူဦးရေအများစုသည် ကျွန်ပြုခြင်းခံခဲ့ကြရသည်။ နောက်ပိုင်းတွင်၊ နိုင်ငံတောင်ပိုင်း၏ရုပ်တုကိုးကွယ်ခြင်းသည် ယေရုရှလင်မြို့ကျဆုံးပြီး ဗာဗုလုန်၌ကျွန်ခံရခြင်းအထိလည်း ဖြစ်စေခဲ့သည်။ ဤကာလများတစ်လျှောက်လုံးတွင်၊ သစ္စာရှိ ဣသရေလလူမျိုးများက ဘုရားသခင်ထံမှခွင့်လွှတ်ခြင်းနှင့် ကောင်းချီးမင်္ဂလာများရရှိရန် မည်သည့်အရာ လုပ်ဆောင်နိုင်သည်ကို သိရှိလိုကြသည်။ ယောရှု ၂၄ သည် သူတို့ကိုလမ်းညွှန်ပေးခဲ့သည်_ ဣသရေလ လူမျိုးများသည် သူတို့အပေါ်ထားရှိသော ဘုရားသခင်၏ကရုဏာတော်များကို သတိရပြီး ကိုယ်တော်နှင့် ၎င်းတို့၏ပဋိညာဉ်ကို အသစ်ပြန်လည်ပြုရမည်ဖြစ်သည်။ ဤအရာကို သူတို့သည် ယောရှုလက်ထက်၌ ဣသရေလတို့ပြုခဲ့သည့်အတိုင်း၊ ၎င်းတို့၏တစ်ပါးတည်းသော စစ်မှန်သောဘုရားသခင်၏အမှုတော်ကို သီးသန့်လုပ်ဆောင်ခြင်းဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။

၎င်း၏မူလပရိသတ်များ လက်တွေ့လုပ်ဆောင်နိုင်ရန် ကျမ်းရေးသူသည် ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းဆိုင်ရာ အကြောင်းအရာငါးခုစလုံးကို ဤအခန်းတွင်အကြိမ်ကြိမ်ထပ်မံထည့်သွင်းထားပါသည်။

## ဘုရားသခင်၏အခွင့်အာဏာ

ပထမ၊ ဘုရားသခင်၏အခွင့်အာဏာသည် ဤအသစ်ပြန်လည်ပြုခြင်းကို လွှမ်းခြုံပေးကြောင်း ထင်ရှားစွာပြောခဲ့သည်။ အခန်းကြီး ၂၃ ကဲ့သို့ပင်၊ ၂၄:၁ ပါဖိတ်ခေါ်ချက်တွင် ဘုရားသခင်၏အခွင့်အာဏာ ရသောခေါင်းဆောင်အဖြစ် ဤအခမ်းအနားအတွက် ယောရှုသည်တာဝန်ခံသူဖြစ်ကြောင်း ထင်ရှားစွာ သိစေရန် သူ၏အမည်ဖြင့်ဖော်ပြထားသည်။ ထို့အပြင်၊ ယောရှု၏မိန့်ခွန်းနှင့် ဣသရေလ၏တုံ့ပြန်မှုများ ၂၄:၂ တွင် "ထာဝရဘုရားမိန့်တော်မူသည်ကား ... " ဟူသောစကားလုံးဖြင့်အစပြုကာ၊ ဤနိဒါန်းစကား များသည် ဤအခန်းတွင်ဖြစ်ပျက်ခဲ့သောအရာများအပေါ် ဘုရားသခင်၏အခွင့်အာဏာလွှမ်းခြုံထား ကြောင်းကို သေချာစေပါသည်။ ၎င်းအပြင်၊ လူထုသို့စကားပြောသောသူသည် ဘုရားသခင်၏ခန့်အပ်ခံ ကိုယ်စားလှယ် ယောရှုဖြစ်ကြောင်း အကြိမ်ပေါင်းများစွာပြောဆိုခြင်းဖြင့် ကျမ်းရေးသူသည် ယောရှု၏ မှတ်တမ်းကို ဆက်လက်ရေးသားခဲ့သည်။

ကျမ်းရေးသူသည် ၎င်း၏မူလပရိသတ်တိုင်းကို ဤအခန်းရှိ ဘုရားသခင့်အခွင့်အာဏာကို အထူး အာရုံစိုက်ရန် ဆောင်းဆိုခဲ့သည်။ ယောရှု၏ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းတွင် ဖြစ်ပျက်ခဲ့သမျှကို လျစ်လျူရှုပါက၊ ဘုရားသခင်၏အခွင့်အာဏာကို ဆန့်ကျင်ပုန်ကန်သည်ဟု ကျမ်းရေးသူအခိုင်အမာ ပြောဆိုခဲ့သည်။

## ဘုရားသခင်၏ပဋိညာဉ်

ဒုတိယ၊ ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းဆိုင်ရာ ဤမှတ်တမ်းတစ်လျှောက်တွင်၊ ဘုရားသခင် ၏ပဋိညာဉ်ကို ယောရှုအကြိမ်ကြိမ်ရည်ညွှန်းခဲ့သည်။ သူ၏မိန့်ခွန်းနှင့် ဣသရေလလူမျိုး၏တုံ့ပြန်မှုများ သည်ဘုရားသခင်၏ကရုဏာတော်တွန်းအား၊ လူသားတို့၏သစ္စာစောင့်သိမှုနှင့် မနာခံမှု၏အကျိုးဆက် များအပေါ် သက်ရောက်မှုရှိသည်။ ထို့ထက်မက၊ ယောရှု၏အတည်ပြုခြင်းအခမ်းအနား၌ ကျမ်းရေးသူ သည် ၂၄:၂၅ တွင် “ယောရှုသည် ထိုနေ့၌လူများတို့နှင့် ပဋိညာဉ်ပြု၍” ဟု အတိအလင်းဖော်ပြထားသည်။ ကျမ်းရေးသူသည် လူထုကိုအမွေခံရာအရပ်သို့ပြန်စေခြင်းတွင် ဣသရေလလူမျိုးနှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်ကို ရည်ညွှန်းပြောဆိုခဲ့သည်။ အခန်းငယ် ၂၈ တွင်၊ “အသီးအသီး မိမိတို့အမွေခံရာ အရပ်သို့ ပြန်သွားရသောအခွင့်ကို ပေးလေ၏” ဟု ဟေဗြဲအခေါ်အဝေါ် “*nachalah*” (Halנַחֲ) ကို ထပ်မံ အသုံးပြုခဲ့သည်။

ယခု ကျွန်ုပ်တို့မြင်ခဲ့သည့်အတိုင်း၊ ဤအခန်းရှိ ဘုရားသခင့်ပဋိညာဉ်၏အကြောင်းအရာသည် ဘုရားသခင်၏ကရုဏာတော်နှင့် သစ္စာစောင့်သိရန်တောင်းဆိုချက် နှစ်ခုစလုံးအပေါ် အာရုံစိုက်ထား သည်။ ဘုရားသခင်၏ပဋိညာဉ်အား မည်သို့ချိုးဖောက်ခဲ့သည်ကို ၎င်း၏မူလပရိသတ်များသိရှိနားလည် လာလိမ့်မည်ဟု ကျမ်းရေးသူမျှော်လင့်ခဲ့သည်မှာ ထင်ရှားပါသည်။ ဘုရားသခင်နှင့်ပြုသော ပဋိညာဉ်ကို ထိန်းသိမ်းစောင့်ရှောက်မည့် ကတိကဝတ်ကိုအသစ်ပြန်လည်ပြုရန် သူတို့ကို တောင်းဆိုခဲ့သည်။ နောင်တ တရားနှင့် အသစ်ပြန်လည်ပြုခြင်းမရှိဘဲ သူတို့နှင့် သူတို့၏သားသမီးများသည် ပဋိညာဉ်၏ကျိန်ခြင်းများ ကိုဆက်လက်ရင်ဆိုင်ကြရမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

## မောရှေ၏ပညတ်တရားစံနှုန်း

တတိယ၊ အခန်း ၂၄ ပါယောရှု၏ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းသည် မောရှေ၏ပညတ်တရားစံနှုန်းကိုအသိအမှတ်ပြုခြင်း ဖြစ်သည်။ ဥပမာအားဖြင့်၊ ယောရှု၏မိန့်ခွန်းနှင့် ဣသရေလလူမျိုး၏တုံ့ပြန်မှုများ၌ အခန်းငယ် ၁၄၊ ၁၅ တွင် ဣသရေလလူမျိုးတို့အနေဖြင့် "မြစ်ကြီးတဘက်၌၎င်း၊ အဲဂုတ္တုပြည်၌၎င်း၊ ဘိုးဘေးတို့ဝတ်ပြုသော ဘုရားများနှင့် "အာမောရိပြည်သားတို့၏ဘုရားများ"— ခါနန်လူများကိုခေါ်သည့်နောက်ထပ်အသုံးအနှုန်း တို့ကိုငြင်းပယ်ရန် ပြောခဲ့သည်။ ဤညွှန်ကြားချက်သည် တရားဟောရာ ၁၁:၂၈ တွင် မောရှေ၏ပညတ်တွင် တွေ့ရှိရသည့် ရုပ်တုကိုးကွယ်ခြင်းဆိုင်ရာတားမြစ်ချက်များကို အခြေခံထားသည်။ ထို့အပြင်၊ အခန်းငယ် ၁၉ တွင် "[ထာဝရဘုရား] သည် သန့်ရှင်းသောဘုရား၊ အပြစ်ရှိသည်ဟု ထင်လွယ်သောဘုရား" ဟု ကြေငြာသောအခါ၊ ယောရှုသည် ထွက်မြောက်ရာ ၂၀:၅ ပင်တာကျူ၏အပိုင်းများမှ ထုတ်နှုတ်ခဲ့သည်။ ကျမ်းရေးသူသည် သူ၏မူလပရိသတ်များ၏စိတ်ထဲ၌ရှင်းရှင်းလင်းလင်းဖြစ်စေလိုသည်။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို မြင်လိုလျှင် မောရှေ၏တရားတော်သည် လိုက်နာရမည့်စံနှုန်းဖြစ်သည်။

## ဘုရားသခင်၏ သဘာဝလွန်တန်ခိုးတော်

စတုတ္ထ၊ ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းဆိုင်ရာ ဤအခန်းသည် ဘုရားသခင်၏သဘာဝလွန်တန်ခိုးကို အလေးပေးဖော်ပြထားသည်။ ကရုဏာတော်နှင့်စပ်လျဉ်း၍ ဣသရေလလူမျိုးအား ဘုရားသခင်မိန့်ကြားမှုကို ယောရှုဖော်ပြသကဲ့သို့၊ ယောရှု၏မိန့်ခွန်းနှင့် ဣသရေလလူမျိုး၏တုံ့ပြန်မှုများတွင် ကျမ်းရေးသူသည် ယင်းကို ထင်ရှားစွာဖော်ပြခဲ့သည်။ အခန်းငယ် ၃-၆က တွင် ဘုရားသခင်သည် ပထမပုဂ္ဂိုလ်နေရာတွင် စကားပြောကြားခဲ့ပြီး၊ ဣသရေလလူမျိုးအတွက် သူလုပ်ဆောင်ခဲ့သော အရာများစွာကိုဖော်ပြခဲ့သည်။ ဥပမာ၊ အပိုဒ်ငယ် ၃ တွင်၊ "သင်တို့အဘအာဗြဟံကို မြစ်ကြီးတဘက်မှ ငါခေါ်  ပြီးလျှင်၊ ခါနာန်ပြည်အရပ်ရပ်သို့ ပို့ဆောင်၍ သူ၏အမျိုးအနွယ်ကို များပြားစေလျှက်" ဟု ဆိုခဲ့သည်။ အခန်းငယ် ၅ တွင် "အဲဂုတ္တုပြည်ကို ဆုံးမသည်" ဟုဆိုခဲ့သည်။ အပိုဒ်ငယ် ၆ခ-၇ တွင်၊ ယောရှုသည် ဣသရေလလူမျိုးအတွက် ဘုရားသခင်ပြုပေးခဲ့သည့်အရာနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထည့်သွင်းဖော်ပြခဲ့သည်။ အပိုဒ်ငယ် ၇ တွင်၊ အဲဂုတ္တုလူတို့သည် ဣသရေလလူတို့ကို ပင်လယ်သို့လိုက်သောအခါ၊ ဘုရားသခင်သည် "သူတို့ကို ပင်လယ်ရေ လွှမ်းမိုးစေ၏"ဟု ယောရှုပြောခဲ့သည်။ အခန်းငယ် ၈-၁၃ တွင်ကျမ်းပိုဒ်သည် ပထမပုဂ္ဂိုလ်ဖြင့် ပြန်ဖော်ပြသည်။ အပိုဒ်ငယ် ၈ တွင် ဘုရားသခင်က "သူတို့ကို [အာမောရိလူ] သင်တို့လက်၌ ငါအပ်၍ … သူတို့ကို သင်တို့ရှေ့မှ ငါသုတ်သင်ပယ်ရှင်းလေ၏" ဟုဆိုခဲ့သည်။ အခန်းငယ် ၁၂ တွင်၊ ခါနာန်ပြည်ကို သိမ်းပိုက်ခြင်းနှင့်ပတ်သက်၍၊ ဘုရားသခင်က ဣသရေလလူတို့အား "သင်တို့၌ ထားနှင့်လေးမပါဘဲ"ဟုဆိုခဲ့သည်။

ယင်းအပြင်၊ ယောရှု၏စကားအပေါ် ဣသရေလလူမျိုး၏တုံ့ပြန်မှုသည် ဘုရားသခင်၏သဘာဝလွန်တန်ခိုးအပေါ် အာရုံစိုက်ခဲ့သည်။ အခန်းငယ် ၁၇ တွင်၊ အဲဂုတ္တုပြည်၌ ဘုရားသခင်သည် "ကြီးစွာသောနိမိတ်လက္ခဏာတို့ကို ငါတို့မျက်မှောက်၌ပြတော်မူပြီ၊ငါတို့သွားလေရာရာအရပ်၊ ရောက်လေရာရာလူမျိုးတို့တွင် စောင့်တော်မူပြီ" ဟု လူများကဝန်ခံခဲ့သည်။ အခန်းငယ် ၁၈ တွင် "ထာဝရဘုရားသည်လည်း၊ ဤပြည်၌နေသောသူ အာမောရိလူအပေါင်းတို့ကို ငါတို့ရှေ့မှနှင်ထုတ်တော်မူပြီ" ဟု ဝန်ခံကြ

သည်။ ယောရှုသည် အပိုဒ်ငယ် ၂၀ တွင် ဣသရေလလူမျိုးကို "သင်တို့သည် ထာဝရဘုရားကိုစွန့်၍... ညှဉ်းဆဲဖျက်ဆီးတော်မူမည်ဟု သတိပေးခဲ့သည်။

ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော်ဆိုင်ရာ ဤကြေငြာချက်များသည် ၎င်းတို့ဝတ်ပြုသည့် ဘုရားသခင်သည် မည်သို့သောဘုရားဖြစ်သည်ကို မူလပရိသတ်များအား အမှတ်ရစေသည်။ ကိုယ်တော်သည် တန်ခိုးရှင်ဖြစ်ပြီး မည်သည့်အခါမှ လျစ်လျူမရှုသင့်ပေ။ ကိုယ်တော်၏ ကောင်းချီးမင်္ဂလာပေးနိုင်စွမ်းနှင့် ကျိန်ခြင်းသည် အတိုင်းထက်အလွန် ကြီးမားသည်။ ထို့အတွက်ကြောင့်၊ သူတို့သည် ကိုယ်တော်၏ပဋိညာဉ်ကို အမြဲသစ္စာစောင့်သိနေရမည်ဖြစ်သည်။

> ဘုရားသခင်နှင့် ဣသရေလလူမျိုး၏ဆက်ဆံရေးကို ကြည့်သည့်အခါ၊ ထင်ရှားစွာတွေ့မြင်ရသည့် အရာတစ်ခုမှာ သူတို့ကို သဘာဝလွန်နည်းများနှင့် အကြိမ်ကြိမ်ကောင်းချီးမင်္ဂလာပေးနေခြင်းပင် ဖြစ်သည်။ ထို့ပြင် ဘုရားသခင်နှင့် သူတို့၏ဆက်ဆံရေးနှင့် ပဋိညာဉ်အပေါ် သူတို့၏သစ္စာစောင့်သိမှုကို ဆက်ထိန်းထားနိုင်စေရန်ကူညီပေးသည့် နောက်ကွယ်တွင် စစ်မှန်သည့် ရည်ရွယ်ချက်တစ်ခုရှိသည်ဟု ထင်ပါသည်။သူတို့အပေါ်မှာ သွန်းလောင်းပေးခဲ့သည့် သဘာဝလွန်ကောင်းချီးမင်္ဂလာများသည် ကျွန်ုပ်တို့ကို ချစ်သော၊ ဂရုစိုက်သော၊ ကျွန်ုပ်တို့ကို မည်သည့်အခါမှစွန့်ပစ်မည်မဟုတ်သော ဘုရားသခင်နှင့်ပတ်သက်၍ လူများအား အစဉ်သတိပေးရမည့် အကောင်းဆုံးနည်းလမ်းဖြစ်သည်၊ ဘုရားသခင်ထံမှ ကျွန်ုပ်တို့ရရှိသော ထိုမေတ္တာကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကိုဆက်လက်ချစ်ကြပြီး ထိုဆက်ဆံရေးအပေါ် သစ္စာရှိနေကြပါသည်။
>
> **Dr. Dan Lacich**

## ဣသရေလလူမျိုးအားလုံး

နောက်ဆုံး ပဉ္စမ၊ ယောရှု၏ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းသည် ဣသရေလလူမျိုးအားလုံး ပါဝင်ကြောင်း ရည်ညွှန်းချက်ဖြင့် စတင်ကာ၊ အဆုံးသတ်ထားသည်။ အခန်းငယ် ၁ ယောရှု၏အဖွင့်ဖိတ်ခေါ်ချက်တွင် "ဣသရေလအမျိုးအပေါင်းတို့ ... အသက်ကြီးသူ၊ အကဲအမှူး၊ တရားသူကြီး၊ အရာရှိများ" တက်ရောက်ကြသည်။ ထို့ပြင် အခန်းငယ် ၂၈ တွင် "အသီးအသီးမိမိတို့အမွေခံရာအရပ်"သို့ ယောရှုပြန်စေခြင်းနှင့် မှတ်တမ်းကို အဆုံးသတ်ထားပါသည်။

ဣသရေလလူအပေါင်းတို့သည် စည်းဝေးပွဲသို့လာ၍ ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုကာ၊ ဘုရားသခင်ပေးတော်မူသော အမွေမြေ၌ အခြေချနေထိုင်ရန် ထွက်ခွာသွားကြသည်။ စာဖတ်ပရိသတ်အတွက် ကျမ်းရေးသူ၏ရည်ရွယ်ချက်သည် ရှင်းလင်းပါသည်။ ၎င်းသည် ယောရှုခေတ်တွင် မှန်ကန်သကဲ့သို့၊ မူလပရိသတ်အားလုံးသည်လည်း ၎င်းတို့၏ခေတ်တွင် ပဋိညာဉ်ကို အသစ်ပြန်လည်ပြုရန်ဖြစ်သည်။

ပဋိညာဉ်သစ္စာစောင့်သိမှုဆိုင်ရာ ဤသင်ခန်းစာတွင် ယောရှုမှတ်စာ၏မူလပရိသတ်အတွက် ပဋိညာဉ်သတိပေးချက်များနှင့် ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်း၏ရည်ရွယ်ချက်ကို ကျွန်ုပ်တို့ လေ့လာခဲ့ပါသည်။ ယခု ကျွန်ုပ်တို့သည် ဤသင်ခန်းစာ၏ တတိယအဓိကအကြောင်းအရာဖြစ်သည့် ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းကို လေ့လာပါမည်။ ခရစ်တော်၏နောက်လိုက်များအဖြစ် ကျွန်ုပ်တို့၏အသက်တာတွင် ဤကိစ္စရပ်များကို သင်နှင့်ကျွန်ုပ်တို့ ယနေ့မည်သို့ကျင့်သုံးကြမည်နည်း။

# ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း

ကျမ်း၏နောက်ဆုံးအဓိကအပိုင်းသည် မူလပရိသတ်အား ဘုရားသခင်နှင့်ပြုသော ၎င်းတို့၏ ပဋိညာဉ်၏တွန်းအားကို ထင်ရှားပြရန်၊ အထူးသဖြင့် သစ္စာစောင့်သိမှုတောင်းဆိုချက်နှင့် သစ္စာမဲ့မှု အတွက်ရင်ဆိုင်ရမည့် ကျိန်ခြင်းများ၏အကျိုးဆက်များကို ဖော်ပြရန်ဖြစ်သည်။ အာဗြဟံ၊ မောရှေနှင့် ပြုသော ဘုရားသခင်၏ပဋိညာဉ်များကို ယောရှုကိုယ်တိုင်ရှုမြင်ခဲ့သည်။ နောက်ပိုင်းတွင် ဓမ္မဟောင်း ပရိသတ်များသည် ဒါဝိဒ်နှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်ကို ထည့်သွင်းစဉ်းစားခဲ့ကြသည်။ သို့သော် ဤအချက်များသည် ယနေ့ဘုရားသခင်၏ပဋိညာဉ်နှင့် ကျွန်ုပ်တို့၏သက်ဆိုင်မှုကို မည်သို့အလေးပေး သနည်း။

ခရစ်ယာန်များအနေနှင့်၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးအပေါ် ပရောဖက်ယေရမိ၊ ယေရှုခရစ်တော်နှင့် ဓမ္မသစ်ကျမ်းရေးသူများက "ပဋိညာဉ်တရားသစ်" ဟုခေါ်သောအရာသည် အဓိက လွှမ်းမိုးထားသည်။ ဝမ်းနည်းဖွယ်မှာ၊ ခရစ်တော်၏စစ်မှန်သော နောက်လိုက်များစွာသည် ယောရှုမှတ်စာ ၏ဤအပိုင်းကို ခရစ်ယာန်အသက်တာနှင့် ဆက်နွှယ်ရန် အလွန်ခက်ခဲကြောင်း ပဋိညာဉ်သစ်ကို နားလည် ခဲ့ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်ခေတ္တရပ်ပြီး၊ ပဋိညာဉ်တရားသစ်အကြောင်း ယေရမိ၏ကြိုတင် ဟောပြောခဲ့မှုနှင့် ခရစ်တော်၌၎င်း၏ပြည့်စုံမှုကို ဓမ္မသစ်ကျမ်းရေးသူများနားလည်ပုံကို ပြန်လည်သုံးသပ် ရန်လိုအပ်သည်။

ယေရမိ ၃၁:၃၁-၃၂ တွင် ပရောဖက်ယေရမိပြောခဲ့သောစကားကို နားထောင်ပါ_

> ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါသည် ဤလူမျိုး၏ဘိုးဘေးတို့ကို
> လက်ဆွဲ၍ အဲဂုတ္တုပြည်မှဆောင်သွားသောအခါ၊ သူတို့၌ငါပေးသော
> ပဋိညာဉ်တရားနှင့်ခြားနားသော ပဋိညာဉ်တရားသစ်ကို ဣသရေလအမျိုးသား၊
> ယုဒအမျိုးသားတို့၌ ငါပေးသောအချိန်ကာလ ရောက်လိမ့်မည်။
> အရင်ငါပေးဘူးသော ပဋိညာဉ်တရားကို သူတို့သည်ဖျက်၍၊
> ငါသည်လည်းသူတို့ကို ရွံရှာ၏ (ယေရမိ ၃၁း၃၁-၃၂)။

ဗာဗုလုန်၌ကျွန်ခံရပြီးနောက် ဘုရားသခင်သည် "ပဋိညာဉ်တရားသစ်"—သို့မဟုတ် "ပဋိညာဉ် အသစ်"—ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့နှင့် ပြုမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ယုဒလူမျိုးသည် ဗာဗုလုန်တို့လက်တွင်ရှုံးနိမ့်ပြီး ကျွန်ခံရမည်ဖြစ်ကြောင်း ယေရမိသည် သူ၏ အမှုတော်ကာလများအတွင်း ပြောခဲ့သည်။ သို့သော် ယေရမိ ၃၁ တွင် "ထိုကာလ"ရောက်လာမည် ဟူသော ကြေငြာချက်ဖြင့် စတင်ခဲ့သည်။ ဤအခန်း၏အခြားနေရာများတွင် "ထိုကာလရောက်လာသည်" ဟူသောအသုံးအနှုန်းသည် ဗာဗုလုန်၌ကျွန်ခံရပြီးနောက် ဣသရေလလူမျိုးအပေါ် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာသွန်းလောင်းမည့်အချိန်ကို ရည်ညွှန်းသည်။

ယခု၊ ဤပဋိညာဉ်အသစ်သည် မောရှေလက်ထက်တွင် သူတို့၏ဘိုးဘေးများနှင့် ဘုရားသခင် ပြုခဲ့သောပဋိညာဉ်ကဲ့သို့မဟုတ်ကြောင်း သတိပြုရန်အရေးကြီးပါသည်။ ယောရှု ၂၃၊ ၂၄ တွင် ကျွန်ုပ်တို့ တွေ့ခဲ့ရသည့်အတိုင်း၊ ဣသရေလလူမျိုးသည် ရုပ်တုကိုးကွယ်ခြင်းဖြင့် ဘုရားသခင်နှင့်ပြုသော ၎င်းတို့၏ပဋိညာဉ်ကို ထင်ရှားစွာချိုးဖောက်ခဲ့မည်ဆိုလျှင်၊ သူတို့သည် ဆင်းရဲဒုက္ခများနှင့် ကတိတော်ပြည်မှ နှင်ထုတ်ခံရမည့်ကာလကို ခံစားကြရပေမည်။

ဝမ်းနည်းစရာမှာ၊ ဣသရေလလူမျိုးများသည် ဘုရားသခင်နှင့်ပြုသော ပဋိညာဉ်ကို ချိုးဖောက်ခဲ့ ပြီး၊ တစ်ပါးအမျိုးသားများ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် နှစ်ရာနှင့်ချီ၍ ခံခဲ့ကြရသည်။ သို့သော် ကျွန်ခံ ပြီးနောက် ဘုရားသခင်သည် ကရုဏာပြကာ၊ ပဋိညာဉ်တရားသစ်ကို ထူထောင်မည်ဟု ယေရမိသည် ဣသရေလလူမျိုးအား မျှော်လင့်ချက်ပေးခဲ့သည်။ ယေရမိ ၃၁:၃၃-၃၄ တွင်၊ ဤပဋိညာဉ်အသစ်သည် မောရှေနှင့်ပြုသော ပဋိညာဉ်ကဲ့သို့ ကျရှုံးခြင်းမရှိကြောင်း ဘုရားသခင်အာမခံခဲ့သည်။ ကျွန်ုပ်တို့ဖတ်ရ သည်မှာ–

> ငါထာဝရဘုရားသည် ငါ၏ပညတ်တရားကို သူတို့အတွင်းထဲသို့သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။ ထိုသူတို့က၊ ထာဝရဘုရားကို သိလော့ဟု အမျိုးသားချင်း၊ ညီအစ်ကိုအချင်းချင်း တယောက်ကိုတယောက် ဆုံးမသြဝါဒမပေးရကြ။ အကြောင်းမူကား၊ အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသောသူတိုင်အောင်၊ ထိုသူအပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည်။ ထိုအခါငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြုသော ဒုစရိုက်များကို မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏ (ယေရမိ ၃၁:၃၃-၃၄)။

အမှန်တကယ်တွင်၊ ပဋိညာဉ်သစ်သည် ပျက်မည်မဟုတ်ကြောင်း ဤအခန်းငယ်များက ရှင်းပြ ထားသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏လူများကို လုံးဝအသွင်ပြောင်းမည်ဖြစ်ပြီး၊ သူတို့သည် သစ္စာစောင့်သိကြလိမ့်မည်။ သူသည် "တရားတော်ကို သူတို့အထဲ၌သွင်း၍ သူတို့နှလုံးပေါ်မှာ ရေးထားလိမ့်မည်။"

တရားဟောရာ ၃၀:၁၀ တွင်ဖော်ပြသည့်အတိုင်း၊ ဘုရားသခင်၏ ပညတ်တော်ကိုစောင့်ရှောက် လိုသော စိတ်နှလုံးရှိခြင်းသည် ဘုရားသခင်၏လူများအတွက် အမြဲစံနမူနာဖြစ်သည်။ ထို့အပြင်၊ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်၊ ဤစံနမူနာဆီသို့ ချဉ်းကပ်သော သစ္စာရှိဣသရေလလူမျိုးအကြွင်း အကျန် အမြဲရှိခဲ့သည်။ သို့သော် ယေရမိ ၃၁ တွင် ပဋိညာဉ်တရားသစ် အပြည့်အဝအသက်ဝင်သောအခါ၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဝိညာဉ်ရေးကိုအသစ်ပြန်လည်ပြုခြင်းသည် ပြည့်စုံလိမ့်မည်ဖြစ်ကြောင်း ကြိုတင်ဟောပြောခဲ့သည်— လူနည်းစုအတွက်သာမဟုတ်၊ ရေတွက်ထားသည့် ဘုရားသခင်၏လူတိုင်းအတွက် ဖြစ်သည်။

ဤနေရာတွင် ယောရှုလက်ထက်နှင့် သိသာစွာကွဲလွဲနေသည်ကို ကျွန်ုပ်တို့ မြင်တွေ့ရသည်။ ပဋိညာဉ်အသစ် ပြည့်စုံသောအခါ၊ ဘုရားသခင်အပေါ် သစ္စာစောင့်သိရန် ဘုရားသခင်၏လူများကို တောင်းဆိုဖို့ရန် မလိုတော့ပါ။ သူတို့အားလုံးသည် အကြွင်းမဲ့သစ္စာရှိကြပါလိမ့်မည်။ ဘုရားသခင်သည် "သူတို့အပြစ်များကိုသည်းခံပြီး... သူတို့ပြုသော ဒုစရိုက်များကို မအောက်မေ့ဘဲနေမည်။"

> ယေရမိနှင့် ယေဇကျေလ၌ပါရှိသောကတိတော်မှာ ကျွန်ုပ်တို့၏စိတ်နှလုံးတွင် ပညတ်တရားများကိုရေးမှတ်ပြီး၊ ကိုယ်တော်၏လမ်း၌ လျှောက်လှမ်းနိုင်ရန်၊ ဝိညာဉ်တော်ကို ကျွန်ုပ်တို့အထဲ၌ သွင်းပေးကာ ကျွန်ုပ်တို့၏အပြစ်များကို ဘုရားသခင်သည်ခွင့်လွှတ်တော်မူမည်ဟူ၍ ဖြစ်သည်။ ထို့ကြောင့်၊ ပဋိညာဉ်သစ်သည် အသွေးဖြင့်အတည်ပြုထားသော ပဋိညာဉ်ဟောင်းနှင့် တူသော်လည်း၊ ဟေဗြဲသြဝါဒစာက ထင်ရှားစွာဖော်ပြထားသည်နှင့်အမျှ၊ ၎င်းသည်သာ၍ကြီးမြတ်သော ပဋိညာဉ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆုံးစွန်သောအပြစ်များကိုဖယ်ရှားမပေးနိုင်သည့် နွားနှင့်ဆိတ်အသွေးများဖြင့် မဟုတ်ဘဲ၊ ဘုရားသခင်၏သားတော်၏အသွေးတော်နှင့် ဖွဲ့ထားသော ပဋိညာဉ်ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့်၊ ပဋိညာဉ်တရားသစ် အောက်တွင် အသက်ရှင်နေထိုင်ပြီး ကောင်းချီးမင်္ဂလာများရရှိကာ၊ ဓမ္မဟောင်းကာလတွင် မသိနိုင်လောက်သည့် ဤအရာများကိုသိရှိနိုင်ခြင်းသည် အံ့သြဖွယ်ကောင်းလှပါသည်။

**Pastor Doug McConnell**

ပဋိညာဉ်တရားသစ်အကြောင်း ယေရမိ၏ဖော်ပြချက်သည် ခရစ်တော်၏နောက်လိုက်များ ဖြစ်သော သင်နှင့်ကျွန်ုပ်အတွက် အရေးကြီးသောမေးခွန်းများ ထွက်ပေါ်လာသည်မှာ မထူးဆန်းပါ။ အကယ်၍ ပဋိညာဉ်တရားသစ်၏လူများအား သစ္စာရှိစွာအစေခံခြင်းသို့ ဖိတ်ခေါ်ရန်မလိုအပ်ပါက၊ ဓမ္မသစ်ကျမ်းသည် အဘယ်ကြောင့် နာခံရန်တောင်းဆိုမှုများနှင့် ပြည့်နေသနည်း။ အကယ်၍ ကျိန်ခြင်း၏ အကျိုးဆက်များနှင့်ပတ်သက်၍ သတိပေးချက်မလိုအပ်ပါက၊ ခရစ်တော်အားကျောခိုင်းရန် သွေးဆောင် ခံရသူများအား ဓမ္မသစ်ကျမ်းက အဘယ်ကြောင့်သတိပေးသနည်း။

ဤမေးခွန်းများကိုဖြေဆိုရန်၊ ဤစာစဉ်တွင် ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသည့် ယောရှုမှတ်စာပါ ခရစ်တော်၏ပြည့်စုံခြင်းအကြောင်းအရာကို ပြန်သွားရပါမည်။ သင်မှတ်မိသည့်အတိုင်း၊ ဓမ္မသစ်ကျမ်းက ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်းနှင့် လူမျိုးစုအမွေဆက်ခံခြင်း၏ပန်းတိုင်များကို ခရစ်တော် သည်အဆင့်သို့မဟုတ် ကာလသုံးခုဖြင့် ဖြည့်ဆည်းပေးကြောင်း သွန်သင်ထားသည်။ ဤပြည့်စုံမှု ပန်းတိုင်များကို ကိုယ်တော်သည် သူ၏ပထမကြွလာချိန် နိုင်ငံတော်*စတင်တည်ထောင်ခြင်း*၌ စတင်ခဲ့ သည်။ ၎င်းကို နိုင်ငံတော် *ဆက်လက်တည်မြဲခြင်း* အသင်းတော်သမိုင်းတစ်လျှောက်တွင် ဆက်လက်

ဖြည့်ဆည်းပေးနေသည်။ ဘုန်းတော်ဖြင့် ပြန်လည်ကြွဆင်းလာချိန် နိုင်ငံတော် *ပြီးပြည့်စုံခြင်း* တွင် ပြည့်စုံမှုသည် ပြီးစီးလိမ့်မည်။ ဤကာလသုံးခုတွင် သစ္စာစောင့်သိရန် ယောရှု၏တောင်းဆိုချက်ကို ခရစ်တော်သည်ဖြည့်ဆည်းပေးသောကြောင့် ဤပြည့်စုံမှုပုံစံသည် အရေးကြီးပါသည်။

ကာလတစ်ခုစီရှိ ပဋိညာဉ်သစ္စာစောင့်သိမှုအကြောင်း ဓမ္မသစ်ကျမ်း၏သွန်သင်မှုများကိုအကြမ်းဖျင်းဖော်ပြခြင်းဖြင့်၊ ယောရှုမှတ်စာ၏ဤနောက်ဆုံးအပိုင်းကို ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းအား ကျွန်ုပ်တို့၏ပုံမှန်နည်းလမ်းအတိုင်းလေ့လာပါမည်။ ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်းတွင် သစ္စာစောင့်သိမှုဖြင့် စတင်ကြပါစို့။

## နိုင်ငံတော်စတင်ခြင်း

ပဋိညာဉ်တရားသစ်၏အချိန်ကာလသည် ခရစ်တော်၏ပထမကြွလာခြင်းမှ စတင်ခဲ့သည်ကို ကျွန်ုပ်တို့အသေအချာ သိပါသည်။ လုကာ ၂၂:၂၀ တွင်၊ ယေရှုကိုယ်တော်တိုင် "ငါ၏အသွေး၌တည်သော ပဋိညာဉ်တရားသစ်" ဟုမိန့်ဆိုခဲ့သည်။ ဟေဗြဲ ၈:၆ တွင်၊ ယေရှုသည် ပဋိညာဉ်တရားသစ်၏အာမခံဖြစ်ကြောင်း ကျွန်ုပ်တို့ဖတ်ရသည်။ ၂ ကောရိန္သု ၃:၆ တွင်၊ တမန်တော်ပေါလုသည် မိမိနှင့် သူ၏လုပ်ဖော်ဆောင်ဖက်များကို "ပဋိညာဉ်တရားသစ်၏ဆရာများ" အဖြစ် ဆိုခဲ့သည်။

> နောက်ဆုံးညစာစားပွဲတွင်၊ ခရစ်ဝင်ကျမ်းများတွင် သခင်ယေရှုက သူ၏အသေခံခြင်းယဇ်သည် အဆင့်နှစ်ဆင့်ဖြင့် အရေးကြီးကြောင်း ရှင်းပြခဲ့သည်။ မှန်ပါသည်၊ ကျွန်ုပ်တို့၏ကိုယ်စား ကျွန်ုပ်တို့၏အပြစ်များအတွက် သန့်ရှင်းသောဘုရားသခင်၏ အမျက်ဒေါသကိုခံရသည့် ယဇ်ပူဇော်ခြင်းသည် အပြစ်ဖြေရာယဇ်ဖြစ်ပြီး၊ သူ၏အသေခံခြင်းကို ပဋိညာဉ်-အစပြုသည့်ယဇ် အဖြစ်လည်း ဖော်ပြခဲ့သည်။ ကိုယ်တော်၏အသွေးတော်သည် ပဋိညာဉ်တရားသစ်ကို အစပြုခဲ့ကြောင်းကို မဿဲနှင့် လုကာ၌ အလွန်ထင်ရှားစွာ ဖော်ပြထားသည်။ ထို့ကြောင့်၊ ကိုယ်တော်၏အသေခံခြင်းသည် ပဋိညာဉ်တရားသစ်ကို ယူဆောင်လာပေးသောယဇ် ဖြစ်သည်။
>
> **Dr. Charles L. Quarles**

ဓမ္မသစ်ကျမ်းတွင် ပဋိညာဉ်တရားသစ်ကို ခရစ်တော်စတင်ခဲ့သည့် နည်းလမ်းနှစ်ခုကို မီးမောင်းထိုးပြထားသည်။ တစ်ဖက်တွင်၊ ၎င်းသည် ယေရှု၏ မေရှိယအမှုတော်ကို အလေးပေးဖော်ပြသည်။ ယောရှုသတိပေးခဲ့သော ကျွန်ခံရမှုကျိန်ခြင်းတွင် ဣသရေလလူမျိုးသည် နှစ်ရာနှင့်ချီ၍ ဒုက္ခရောက်ခဲ့ကြသည်။ ခမည်းတော်သည် ယေရှုအား တုနှိုင်းမယှဉ်နိုင်သောကရုဏာတော်အဖြစ် စေလွှတ်ခဲ့သည်။ သုံးပါးတစ်ဆူ၏ ဒုတိယပုဂ္ဂိုလ်သည် ဘုရားသခင်အပေါ်သစ္စာစောင့်သိမှုဆိုင်ရာ ပဋိညာဉ်တောင်းဆိုချက်ကို အပြည့်အဝဖြည့်ဆည်းပေးသည့် ဒါဝိဒ်၏သားတော်အဖြစ် လူဇာတိခံယူခဲ့သည်—အသေခံခြင်းဖြင့် စစ်မှန်သောယုံကြည်သူအားလုံး၏အပြစ်များအတွက် အပြစ်ဖြေသည့်တိုင်အောင် ဘုရားသခင်ထံ

သစ္စာစောင့်သိခဲ့သည်။ ဤအမှုတော်အတွက်၊ ဘုရားသခင်သည် ကိုယ်တော်အား အရာခပ်သိမ်းအုပ်စိုးရှင်အဖြစ် ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်ဘုံသို့ တက်ကြွခြင်းဆိုင်ရာကောင်းချီးမင်္ဂလာများကို ပေးအပ်ခဲ့သည်။ ဓမ္မသစ်ကျမ်းတွင် စစ်မှန်သောယုံကြည်သူများသည် ယခုအခါ ခရစ်တော်၌ရှိပြီး၊ ခရစ်တော်နှင့်အတူ ကောင်းကင်ဘုံသားများဖြစ်ကြသည်ဟု ထပ်လောင်းဖော်ပြထားသည်။ ကျွန်ုပ်တို့သည်ကောင်းကင်ဘုံ၌ ဘုန်းအသရေဖြင့်ခရစ်တော်နှင့်အတူ စိုးစံကြသည်။

သို့သော် တစ်ဖက်တွင်၊ နိုင်ငံတော်ကိုအစပြုသော ယေရှု၏အံ့ဖွယ်အမှုတော်သည် ပဋိညာဉ်သစ်အတွက် ယေရမိပရောဖက်ပြုထားသည့်ပြီးပြည့်စုံမှုအား မြေကြီးပေါ် ရှိ အသင်းတော်သို့မယူဆောင်ခဲ့ပါ။ ပထမရာစုအသင်းတော် ၂ ကောရိန္သု ၁၁:၂၆ နှင့် ဂလာတိ ၂:၄ တွင် ပေါလုပြောခဲ့သည့်အတိုင်း "ညီအစ်ကိုဖြစ်ယောင်ဆောင်သောသူများ" ရှိသေးသည်။ နောင်တမရပါက၊ ညီအစ်ကိုဖြစ်ယောင်ဆောင်သောသူများသည် ဘုရားသခင်၏ထာဝရတရားစီရင်ခြင်းကို ခံရမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့စစ်မှန်သောယုံကြည်သူများသည် "ခရစ်တော်၌"ရှိသကဲ့သို့၊ မြေကြီးပေါ်တွင် အသက်ရှင်နေသောကျွန်ုပ်တို့၌ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်သည် အတူရှိတော်မူသည်။ ၂ ကောရိန္သု ၇:၁ ပါ "ဘုရားသခင်ကိုကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့် ပြည့်စုံကြကုန်အံ့" ဟူသောစကားအရ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏တစ်သက်တာသန့်ရှင်းခြင်းလုပ်ငန်းစဉ်တွင် စစ်မှန်သောယုံကြည်သူများကိုလမ်းပြပေးသည်။

ဤမြေကြီးဆိုင်ရာဖြစ်ရပ်မှန်သည် ယေရှုနှင့် ဓမ္မသစ်ကျမ်းရေးသူများက ပထမရာစုအတွင်း ယောရှု၏မိန့်ခွန်းများတွင်သူ၏သတိပေးချက်များနှင့် အလွန်ဆင်တူသည့်နည်းများဖြင့် ပဋိညာဉ်တွန်းအားများကို မကြာခဏအလေးပေးဖော်ပြလေ့ရှိကြောင်း ရှင်းပြသည်။ ယောရှုသည် ဣသရေလလူမျိုးအားပဋိညာဉ်အသစ်ပြုခြင်းတွင် ဦးဆောင်ခဲ့သည်နည်းတူ၊ ယေရှုနှင့် သူ၏တမန်တော်များသည် ပဋိညာဉ်တရားသစ်တွင် ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းနည်းလမ်းအဖြစ် နှုတ်ကပတ်တော်နှင့် သခင်ညစာစားပွဲကိုပုံမှန်ဟောပြောရန် တာဝန်ပေးအပ်ခဲ့သည်။

သူတို့သည် ဘုရားသခင်၏ကရုဏာတော်များကို အကြိမ်ကြိမ် အလေးပေးဖော်ပြကြသည်။ ထို့အပြင် အသင်းတော်ကိုလည်း ဘုရားသခင်အပေါ် သစ္စာစောင့်သိမှုဖြင့်တုံ့ပြန်ရန် တောင်းဆိုခဲ့သည်။ ရောမ ၁၂:၂ ထင်ရှားကျမ်းပိုဒ်တွင် "လောကီပုံသဏ္ဌာန်ကိုမဆောင်ကြနှင့် ... စိတ်နှလုံးကို အသစ်ပြင်ဆင်၍ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့" ဟု အခိုင်အမာပြောဆိုခဲ့သည်။ ထို့ပြင် သူတို့သည် ခရစ်တော်အားကျောခိုင်းသွားသူများအပေါ် ဘုရားသခင့်တရားစီရင်ခြင်း၏ ပြင်းထန်သောအကျိုးဆက်များအကြောင်း သူတို့ကာလရှိမြင်နိုင်သောအသင်းတော်ကိုလည်း မကြာခဏ သတိပေးခဲ့သည်။ ဟေဗြဲ ၁၀:၂၉ တွင် ကျွန်ုပ်တို့ဖတ်ရသည့်အတိုင်း၊ "ထိုမျှမက၊ ဘုရားသခင်၏သားတော်ကို ခြေဖြင့်ကျော်နင်းလျက်၊ မိမိကိုစင်ကြယ်စေသော ပဋိညာဉ်တရား၏အသွေးကို အပြစ်တင်လျက်၊ ဆုကျေးဇူးကိုပေးသောဝိညာဉ်တော်ကို မထီမဲ့မြင်ပြုလျက်ရှိသောသူသည်၊ အဘယ်မျှလောက် ကြီးစွာသောဒဏ်ဖြင့် ခံထိုက်သည်ကို သင်တို့ထင်ကြသနည်း။" ယောရှုလက်ထက်၌ထုတ်ပြန်ခဲ့သော ပဋိညာဉ်သတိပေးချက်များကဲ့သို့ပင်၊ ဤကျမ်းပိုဒ်နှင့် တူညီသောဓမ္မသစ်ကျမ်းပိုဒ်များသည် ကယ်တင်ခြင်းသို့ရောက်သောယုံကြည်ခြင်းရှိရန် ညီအစ်ကိုဖြစ်ယောင်ဆောင်သောသူများကို တိုက်တွန်းခဲ့သည်။ စစ်မှန်သော ယုံကြည်သူများအား ဘုရားသခင်ကိုသစ္စာရှိစွာအမှုဆောင်ရန် တိုက်တွန်းခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဤအချက်အရ၊ ယောရှု၏နောက်ဆုံးအခန်းကြီးငါးခု၏အကြောင်းအရာသည် ပဋိညာဉ်တရားသစ်စတင်ခြင်းနှင့်ပတ်သက်၍ မည်သို့ဖော်ပြထားသည်ကို မြင်ရန်မခဲယဉ်းပါ။ ယောရှုမှတ်စာ၏နောက်ဆုံးအပိုင်းတွင် ဘုရားသခင်၏အခွင့်အာဏာအား အလေးပေးမှုကိုတွေ့မြင်သောအခါ၊ ကိုယ်တော်၏ပထမကြွလာခြင်းတွင် ခရစ်တော်၏ဘုရားသခင့်အခွင့်အာဏာပြသမှုကို ကျွန်ုပ်တို့သတိထားမိပါသည်။ ယောရှု၏မှတ်တမ်းတွင် ဘုရားသခင့်ပဋိညာဉ်၏တွန်းအားများကို တွေ့ရသောအခါ၊ ပဋိညာဉ်တရားသစ်၏တွန်းအားများကို ခရစ်တော်မည်သို့တည်ထောင်ခဲ့သည်ကို ကျွန်ုပ်တို့အမှတ်ရပါသည်။ မောရှေ၏ပညတ်တရားစံနှုန်းအပေါ် ယောရှု၏အလေးပေးမှုသည် ခရစ်တော်၏ပြီးပြည့်စုံသောနာခံမှုနှင့် ပဋိညာဉ်သစ်အရ ဘုရားသခင့်ပညတ်တော်နှင့်အညီ အသက်ရှင်နေထိုင်ရန် ကိုယ်တော်၏နောက်လိုက်များအားတောင်းဆိုမှုကို ကျွန်ုပ်တို့အားမြင်စေပါသည်။ ဣသရေလလူမျိုးအပေါ် ဘုရားသခင်၏သဘာဝလွန်တန်ခိုးနှင့်ပတ်သက်သည့် ယောရှု၏ဖော်ပြမှုသည် ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်း၌ပြသခဲ့သည့် သဘာဝလွန်တန်ခိုးကို ကျွန်ုပ်တို့အားအသိအမှတ်ပြုစေပါသည်။ နောက်ဆုံးအနေနှင့်၊ ယောရှုမှတ်စာ၏ဤအပိုင်းတွင် ဣသရေလလူမျိုးအားလုံး၏စည်းလုံးညီညွတ်မှုကို အာရုံစိုက်ခြင်းသည် သခင်ယေရှု၊ သူ၏တမန်တော်များနှင့် ပရောဖက်များက အသင်းတော်သည် စည်းလုံးညီညွတ်မှုရှိရန် တောင်းဆိုခဲ့သည်ကို ကျွန်ုပ်တို့အားအမှတ်ရစေသည်။

ပဋိညာဉ်သစ္စာစောင့်သိမှုနှင့် ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်းတို့နှင့် ဆက်စပ်နေသောဤခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းကို လေ့လာပြီးနောက်၊ ယောရှု၏သတိပေးချက်နှင့်ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းသည် အသင်းတော်သမိုင်းတစ်လျှောက် ဘုရားသခင့်လူမျိုးတော်အပေါ် မည်သို့ဆက်လက်သက်ရောက်သည်ကို လေ့လာသင့်ပါသည်။

## ဆက်လက်တည်မြဲခြင်း

ခရစ်တော်၏ပထမရာစုနိုင်ငံတော်ကို ယနေ့နိုင်ငံတော်နှင့် နှိုင်းယှဉ်ကြည့်သောအခါ၊ ကောင်းကင်သို့တက်ကြွသောခရစ်တော်သည် များစွာပြီးမြောက်ခဲ့ကြောင်း ထင်ရှားပါသည်။ လွန်ခဲ့သည့်နှစ်ထောင်စုနှစ်များအတွင်း၊ ကိုယ်တော်သည် ကောင်းကင်နှင့်မြေကြီးကိုအုပ်စိုးခဲ့ပြီး၊ သူ၏အသင်းတော်သည် ကမ္ဘာတဝှမ်းပိုမိုကျယ်ပြန့်လာခဲ့သည်။ ကျွန်ုပ်တို့၏ကာလ၌ပင် ပျံ့နှံ့လျက်ရှိနေသည်။ သို့သော် ကောင်းကင်သို့တက်ကြွသောခရစ်တော်က သူ၏ရန်သူများကို အောင်မြင်မှုများရရှိခဲ့သော်လည်း၊ ပဋိညာဉ်သစ္စာစောင့်သိရန် ယောရှု၏အလေးပေးခေါ်ဆိုမှုသည် ခေတ်တိုင်းရှိအသင်းတော်နှင့်သက်ဆိုင်ပါသည်။

တစ်ဖက်တွင်၊ ခရစ်တော်ကိုယ်တိုင်သည် ကောင်းကင်ဘုံ၌စိုးစံဆဲဖြစ်ပြီး ကောင်းကင်ဘုံ၌ သူ၏လူများကို ဆက်လက်ကိုယ်စားပြုနေသေးသည်။ ကျွန်ုပ်တို့သည် "ခရစ်တော်၌" ရှိပြီး၊ ဘုရားသခင်သည် ကယ်တင်ခြင်းသို့ရောက်သောယုံကြည်ခြင်းရှိသူတိုင်းအတွက် ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ပေးနေဆဲဖြစ်ကာ၊ ကိုယ်တော်၌ သူတို့၏ထာဝရကောင်းချီးမင်္ဂလာများကို လုံခြုံစေသည်။ ထို့ထက်မက၊ ကျွန်ုပ်တို့အပြစ်ပြုသောအခါ၌ပင်၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ကိုယ်စား ဘုရားသခင်၏ပလ္လင်တော်ရှေ့၌ အသနားခံတော်မူသည်။ ဟေဗြဲ ၇:၂၅ တွင် "ထို့ကြောင့်၊ အကြင်သူတို့သည် ယေရှုအားဖြင့် ဘုရားသခင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အထံတော်သို့ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်တော်သည်စောင့်လျက်၊ ကာလအစဉ်အသက်ရှင်သောကြောင့်၊ သူတို့ကိုအစဉ်ကယ်တင်ခြင်းငှာ ကယ်တင်နိုင်တော်မူ၏။"

သို့သော် အခြားတစ်ဖက်တွင်၊ မြေကြီးပေါ် ရှိ ခရစ်တော်၏အသင်းတော်သည် ပြီးပြည့်စုံခြင်းနှင့်ဝေးကွာနေဆဲဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်အား ဟေဗြဲ ၁၂:၁၄ ကို အမြဲသတိပေးရမည်၊ "သန့်ရှင်းခြင်းပါရမီကိုဌင်း။ မှီအောင်လိုက်ကြလော့။ သန့်ရှင်းခြင်းပါရမီမရှိလျှင် အဘယ်သူမျှထာဝရဘုရားကိုမဖူးမမြင်ရ ယုံကြည်ခြင်းရှိသည်ဟုဆိုသော်လည်း "ညီအစ်ကိုဖြစ်ယောင်ဆောင်သောသူများ" ဖြစ်ကြပြီး၊ ဓမ္မပညာရှင်များက သူတို့ကို "ကြောင်သူတော်" သို့မဟုတ် "ယာယီယုံကြည်ခြင်း" ဟုခေါ်သည်။ အမှန်တကယ်တွင်၊ အသင်းတော်၌ အယူဖောက်ပြန်ခြင်းသည် အချိုးအစားကြီးမားလာကာ ၁ ကောရိန္သု ၁၀:၁၂ ကဲ့သို့ သတိပေးချက်များကို အခါအားလျော်စွာကျွန်ုပ်တို့ကြေညာပိုင်ခွင့်ရှိသည်–"ထို့ကြောင့် အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည် မလဲခြင်းငှာသတိပြုစေ။

မှန်ပါသည်၊ ဘုရားသခင်၏ကရုဏာတော်ကြောင့် ခရစ်တော်သည် သူ၏ဝိညာဉ်တော်အားဖြင့်ကျိန်းဝပ်သော စစ်မှန်သောယုံကြည်သူအကြွင်းအကျန်များ အစဉ်ရှိနေပါသည်။ သို့သော် သူတို့သည်ဘုရားသခင်၏ဆုံးမမှုအနေဖြင့် ယာယီအခက်အခဲများကို ခံစားနေကြရသည်။ ဗျာဒိတ် ၃:၁၉ တွင်လောဒိကိအသင်းတော်အား "ငါချစ်သမျှသောသူတို့၏အပြစ်ကို ငါစစ်ဆေး၍ သူတို့ကိုဆုံးမတတ်၏။ ထို့ကြောင့် ကိုယ်စိတ်ကို ကိုယ်နှိုးဆော်လော့ နောင်တရလော့"ဟု ယေရှုမိန့်တော်မူခဲ့သည်။

> ဘုရားသခင်သည် မိမိလူမျိုးကိုချစ်ကြောင်းပြသသည့်နည်းလမ်းမှာ ဤလောက၌ ၎င်းတို့၏အသက်တာထဲသို့ ဆုံးမပဲ့ပြင်ခြင်းပေးပို့ခြင်းဖြစ်သည်…ထို့ကြောင့်၊ ယေရှုသည် လက်ဝါးကပ်တိုင်တွင် အသေခံသောအခါ သူကိုယ်တိုင် ထာဝရကျိန်ခြင်းကိုခံယူသည်မှာ အံ့ဩစရာကောင်းသော်လည်း၊ ဤဘဝတွင် ကျွန်ုပ်တို့အသက်ရှင်စဉ် ဆင်းရဲဒုက္ခ၊ စုံစမ်းမှု၊ ဆုံးမပဲ့ပြင်မှုမှန်သမျှ၊ စစ်မှန်သောယုံကြည်သောသူတို့အပေါ် ပဋိညာဉ်တရား၏ကျိန်ခြင်းကိုပင် ဖယ်ရှားတော်မမူပါ၊ ၎င်းသည် ကျွန်ုပ်တို့အားသန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းလမ်းသို့ပို့ဆောင်ရန် ကိုယ်တော်၏လက်နက်၊ ကိရိယာတန်ဆာပလာနှင့် ဘုရားသခင်၏အံ့ဖွယ်ဆုကျေးဇူးဖြစ်သည်၊ နောင်လာမည့်ကမ္ဘာတွင် ကျွန်ုပ်တို့၏ကောင်းချီးမင်္ဂလာများသည် တနေ့ထက်တနေ့ တိုးပွားထင်ရှားလာမည်ဖြစ်သည်။
>
> **Dr. Richard L. Pratt, Jr.**

သို့ဖြစ်လျှင် ယောရှုမှတ်စာနောက်ဆုံးအပိုင်း၏ အဓိကအကြောင်းအရာများသည် ခရစ်တော်၏နိုင်ငံတော် ဆက်လက်တည်မြဲနေချိန်တစ်လျှောက် အသင်းတော်အားပြောဆိုသည်မှာ ထင်ရှားပါသည်။ ယောရှုမှတ်စာဤအပိုင်းရှိ ဘုရားသခင်၏အခွင့်အာဏာသည် အသင်းတော်များနှင့် ယနေ့ကျွန်ုပ်တို့၏တစ်ဦးချင်းအသက်တာအပေါ် ခရစ်တော်၏အခွင့်အာဏာကို အမှတ်ရစေသည်။ ယောရှုမှတ်စာရှိ

ဘုရားသခင့်ပဋိညာဉ်၏တွန်းအားများသည် ဘုရားသခင်၏ကရုဏာတော်၊ ကျွန်ုပ်တို့၏သစ္စာစောင့်သိမှု၊ ကိုယ်တော်၏ပဋိညာဉ်အကျိုးဆက်များရရှိမှုကို အသိအမှတ်ပြုကာ၊ ခရစ်တော်၌ပဋိညာဉ်အသစ်၏ တွန်းအားများကို ကျွန်ုပ်တို့အားကျင့်သုံးစေပါသည်။ မောရှေ၏ပညတ်တရားစံနှုန်းအပေါ် ယောရှု၏ အလေးပေးချက်ကို ကျွန်ုပ်တို့ဖတ်ရှုသောအခါ၊ နေ့စဉ်အသက်တာတွင် ကျွန်ုပ်တို့ကိုလမ်းညွှန်ရန် ဓမ္မဟောင်းနှင့် ဓမ္မသစ်နှစ်ရပ်စလုံးကို — ခရစ်တော်လုပ်ဆောင်ခဲ့သည့်အရာများကို အမြဲထောက်ရှုပြီး — ကြည့်ရှုသင့်သည်။ ဣသရေလလူမျိုးအပေါ် ဘုရားသခင်၏သဘာဝလွန်တန်ခိုးကို ယောရှုဆင်ခြင် သုံးသပ်ခဲ့သည်နည်းတူ၊ ယနေ့တိုင် ယေရှုအားဖြင့် သူ၏အသင်းတော်ကို ဘုရားသခင်ပြသသည့် သဘာဝလွန်တန်ခိုးတော်ကြောင့် ကျွန်ုပ်တို့ဝမ်းမြောက်သင့်ပါသည်။ ထို့အပြင်၊ ယောရှုမှတ်စာ၏ အပိုင်းရှိ ဣသရေလလူမျိုးအားလုံးအပေါ် အာရုံစူးစိုက်မှုသည် ကမ္ဘာတစ်ဝှမ်းနေရာတိုင်းတွင် အသင်းတော်ပျံ့နှံ့သကဲ့သို့ ခရစ်တော်၌ရှိသော ဘုရားသခင်၏ပဋိညာဉ်လူအားလုံး၏ စည်းလုံးညီညွတ် မှုကိုမြှင့်တင်ရန် ကျွန်ုပ်တို့ကိုတောင်းဆိုထားသည်။

ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ယောရှုမှတ်စာ၏နောက်ဆုံးအပိုင်းကို ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းက ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ချိန်၊ ကျွန်ုပ်တို့၏ကာလတွင် ဆက်လက်တည်မြဲခြင်းနှင့် ဆက်နွှယ်သည့်အရာများအပေါ် အာရုံစိုက်လုပ်ဆောင်သည်။ ခရစ်တော်သည် ဤကိစ္စရပ်များကို ပြီးပြည့်စုံအောင် ဆောင်ကျဉ်းပေးသည့် သူ၏နိုင်ငံတော်ပြီးပြည့်စုံခြင်းနှင့်လည်း သက်ဆိုင်ပါသည်။

# ပြီးပြည့်စုံခြင်း

တစ်ဖက်တွင်၊ ခရစ်တော်သည် ဘုန်းတော်အားဖြင့် ပြန်လည်ကြွဆင်းလာသောအခါ ကောင်းကင် သစ်နှင့် မြေကြီးသစ်တွင် ပြီးပြည့်စုံသော ပဋိညာဉ်သစ္စာစောင့်သိမှုအတွက် သူ၏အမွေအပြည့်အစုံကို ရရှိမည်ဖြစ်သည်။ ဗျာဒိတ် ၁၁:၁၅ တွင်၊ "လောကီနိုင်ငံသည် ငါတို့အရှင်၏နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက်စိုးစံတော်မူမည်" ဟုဖတ်ရပါသည်။ ဖိလိပ္ပိ ၂:၁၁ တွင် "ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ဘုန်းအသ ရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း။"

တစ်ဖက်တွင်၊ ခရစ်တော်ပြန်လည်ကြွဆင်းလာသောအခါ၊ အသင်းတော်နှင့် လောကသည် အကြွင်းမဲ့သန့်ရှင်းပြီး ဘုန်းထင်ရှားမည်ဖြစ်သည်။ ဤဘဝတွင် မယုံကြည်သူများရရှိခဲ့သော ဘုရား သခင်၏ဘုံကျေးဇူးတော်မှ ကောင်းချီးမင်္ဂလာများသည် ၎င်းတို့၏ထာဝရတရားစီရင်ခြင်းကို တိုးပွား စေမည်ဖြစ်သည်။ ဤဘဝတွင် သူတို့တွေ့ကြုံခံစားခဲ့ရသောကျိန်ခြင်းများသည် ထာဝရတရားစီရင်ခြင်း အတွက် အစပျိုးခြင်းဖြစ်သည်။ သို့သော် ခရစ်တော်၌ ကယ်တင်ခြင်းသို့ရောက်သောယုံကြည်ခြင်း ရှိသူများသည် ဖန်ဆင်းခြင်းအသစ်တွင် ကိုယ်တော်နှင့်အတူ ပါဝင်ကြမည်ဖြစ်သည်။ ဤဘဝတွင် ရရှိခဲ့သောကောင်းချီးမင်္ဂလာတိုင်းသည် ၎င်းတို့၏ ဘုန်းအသရေအတွက် အစပျိုးခြင်းဖြစ်လိမ့်မည်။ ဤဘဝ၌ ခံစားခဲ့သောယာယီကျိန်ခြင်းများသည် သူတို့အတွက် ကြီးစွာသောအကျိုးကို ပေးလိမ့်မည်။ ယာကုပ် ၁:၁၂ တွင် ရေးထားသကဲ့သို့ "စုံစမ်းနှောင့်ရှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။

အကြောင်းမှုကား၊ စစ်ကြောစုံစမ်းခြင်းကိုခံပြီးမှ သခင်ဘုရားကိုချစ်သော သူတို့အား ဂတိထားတော်မူသောအသက်သရဖူကို ရလိမ့်မည်။" ထိုနေ့၌ ပဋိညာဉ်တရားသစ်၏ကတိတော်သည် လုံးဝပြည့်စုံလိမ့်မည်။ ဗျာဒိတ် ၂၂:၃ တွင်ကျွန်ုပ်တို့ဖတ်ရသည့်အတိုင်း "နောက်တဖန် ကျိန်ခြင်းဘေးတစုံတခုမျှမရှိ။ ထိုမြို့၌ဘုရားသခင်နှင့် သိုးသငယ်၏ ပလ္လင်တော်ရှိ၍ ဘုရားသခင်၏ကျွန်တို့သည် ဘုရားဝတ်ကိုပြုကြလိမ့်မည်။"

ယောရှုမှတ်စာနောက်ဆုံးအပိုင်း၏အကြောင်းအရာများသည် ခရစ်တော်၏နိုင်ငံတော်ပြီးပြည့်စုံခြင်းဆိုင်ရာ ကျွန်ုပ်တို့အား ကြီးမားသောမျှော်လင့်ချက်ကို ပေးပါသည်။ ယောရှုမှတ်စာဤအပိုင်းတွင် ဘုရားသခင်၏အခွင့်အာဏာကိုပြသခြင်းက ခရစ်တော်၌ကျွန်ုပ်တို့၏မျှော်လင့်ချက်သည် ဘုရားသခင်၏အခွင့်အာဏာအပြည့်အဝဖြင့်ထောက်ပံ့ထားကြောင်း ကျွန်ုပ်တို့ကို အသိပေးသည်။ ဘုရားသခင်၏ ပဋိညာဉ်အပေါ် ယောရှု၏အာရုံစိုက်မှုသည် ကျွန်ုပ်တို့အား ရွှင်လန်းစေသည်၊ တစ်နေ့တွင် ခရစ်တော်၏ ပြီးပြည့်စုံသောသစ္စာစောင့်သိမှု၏ဆုလာဘ်ကို ကျွန်ုပ်တို့အပြည့်အဝရရှိမည်ဖြစ်သည်။ ဖန်ဆင်းခြင်းအသစ်တွင် ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့စည်းလုံးညီညွတ်သည်နှင့်အမျှ ယောရှုမှတ်စာ၌ဖော်ပြထားသောမောရှေ၏ပညတ်တရားစံနှုန်းကိုသိရှိခြင်းသည် ဘုရားသခင်၏အလိုတော်ကို အကြွင်းမဲ့နာခံမှုအတွက် ကျွန်ုပ်တို့ကိုတွန်းအားပေးပါသည်။ ဣသရေလလူမျိုးအပေါ် ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော်အား ယောရှု၏အာရုံစိုက်မှုသည် ခရစ်တော်ပြန်လည်ကြွဆင်းလာချိန်၌ မြင်တွေ့ရမည့် နှိုင်းယှဉ်၍မရနိုင်သည့်တန်ခိုးကို ဆင်ခြင်သုံးသပ်ရန် ကျွန်ုပ်တို့ကိုလှုံ့ဆော်ပေးသည်။ နောက်ဆုံး၊ ယောရှုမှတ်စာဤအပိုင်းတွင်ဖော်ပြထားသော ဣသရေလလူမျိုးအားလုံး၏အကြောင်းအရာသည် ခရစ်တော်၏နိုင်ငံတော် ပြီးပြည့်စုံချိန်တွင်၊ ကမ္ဘာသစ်သည် ကိုယ်တော်အား ထာဝရရွှင်လန်းစွာဝတ်ပြုကိုးကွယ်မည့် ဘုရားသခင်၏သစ္စာရှိသူများနှင့် ပြည့်နေမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ကိုဝမ်းမြောက်စေပါသည်။

# နိဂုံး

ဣသရေလလူမျိုး၏ပဋိညာဉ်သစ္စာစောင့်သိမှုဆိုင်ရာ ဤသင်ခန်းစာတွင်၊ ယောရှုမှတ်စာ၏ နောက်ဆုံးအဓိကအပိုင်းကို ကျွန်ုပ်တို့လေ့လာခဲ့သည်။ ယောရှု၏ပဋိညာဉ်သတိပေးချက်များသည် မူလပရိသတ်အား အမှုတော်ကိုသစ္စာရှိစွာအစေခံရန်နှင့် သစ္စာမဲ့မှုအတွက် တရားစီရင်ခြင်းသတိပေးပုံကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ဣသရေလလူမျိုး၏ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းသည် မူလပရိသတ်အား ၎င်းတို့၏ကာလတွင်လည်း ဘုရားသခင်နှင့် ပဋိညာဉ်အသစ်မည်သို့ပြုလုပ်နိုင်ကြောင်း ပြသခဲ့သည်ကိုတွေ့မြင်ရသည်။ ထို့အပြင် ယောရှုမှတ်စာဤအပိုင်းကို ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းတွင် ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်း၊ ဆက်လက်တည်မြဲခြင်းနှင့် ပြီးပြည့်စုံခြင်းတွင် ဣသရေလ၏ပဋိညာဉ်သစ္စာစောင့်သိမှုပန်းတိုင်ကို ဖြည့်ဆည်းပေးသည့်နည်းလမ်းများတွင် အခြေခံရမည်ကို ကျွန်ုပ်တို့သတိပြုမိခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ယောရှုမှတ်စာ၏နောက်ဆုံးအပိုင်းသည် မူလပရိသတ်အတွက် ကျမ်းတစ်အုပ်လုံး၏ခမ်းနားသည့် အဓိကရည်ရွယ်ချက်ကို ဖော်ပြသည်။ ဘုရားသခင်သည်မိမိလူမျိုးအား သိမ်းပိုက်အောင်မြင်ခြင်းကောင်းချီးမင်္ဂလာများပေးခဲ့ပြီး၊ ကြွင်းကျန်သည့် ကာလအတွက် ၎င်းတို့ ... ပေးခဲ့သည်။ ထို့ပြင် ဤဘုရားသခင်၏ကရုဏာတော်သရုပ်ပြမှုများသည် ကျမ်း၏ မူလပရိသတ်အား ပဋိညာဉ်သစ္စာစောင့်သိမှုဖြင့်တုံ့ပြန်ရန် လမ်းပြခဲ့သည်။ ယုံကြည်ခြင်းနှင့် အမှုဆောင်ခြင်းတို့ဖြင့်တုံ့ပြန်ရန် ပျက်ကွက်သူများသည် ဘုရားသခင်၏တရားစီရင်ခြင်း ခံရလိမ့်မည်။ သို့သော် ဘုရားသခင်၏ကရုဏာတော်ကို နှိမ့်ချသောစိတ်ဖြင့် တုံ့ပြန်သူတိုင်းအတွက် ကြီးစွာသောဆုလာဘ်သည် စောင့်မျှော်နေပါသည်။ သင်နှင့် ကျွန်ုပ်အတွက်လည်း အလားတူပင်ဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးတော် အကြီးမားဆုံးသော ပြသမှုကို ခရစ်တော်၌ကျွန်ုပ်တို့ မြင်တွေ့ခဲ့ရသည်။ ဘုရားသခင်သည် ထာဝရအောင်မြင်မှုနှင့် ထာဝရ အမွေကို ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင်ခရစ်တော်၌ ပေးထားသည်။ ကယ်တင်ခြင်းသို့ရောက်သောယုံကြည်ခြင်းဖြင့် ကယ်တင်ရှင်ထံသို့ လာသူတိုင်းအတွက် ဤကမ်းလှမ်းချက်သည် ပြည့်စုံလိမ့်မည်။